The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL. 24, NO. 13 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 2, 2024




# တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပဝင်ငွေ အဓိကရရှိနေသော သီဟိုဠ်စေ့(ကုန်ချော)

စာမျက်နှာ - 3 ➤

## ကုမ္ပဏီများနှင့် လွှတ်လပ်သော ဒါရိုက်တာများ၏ အခန်းကဏ္ဍ

စာမျက်နှာ - 18 ➤

## မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရား ကုန်စည်ပြပွဲ ရန်ကုန်မြို့တွင် သုံးရက်ကြာ ခင်းကျင်းပြသမည်

စာမျက်နှာ - 20 ➤

## ကျန်းမာရေးအတွက် အသုံးဝင်သည့် မြန်မာ့သင်ဖြူးဖျာ

စာမျက်နှာ - 23 ➤



# Advansia Agroscience Co., Ltd.

နိုင်ငံတကာ အရည်အသွေးနှင့် ကိုက်ညီ၍ ဈေးနှုန်းသင့်တော်သော
ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး နှင့် ရွက်ဖျန်းမြေဩဇာများကိုသာ တင်သွင်းဖြန့်ဖြူးပါသည်။




## သင့်တော်သောဈေးနှုန်း နိုင်ငံတကာအရည်အသွေးမှိုဆေး







## Advansia Agroscience Company Limited.

တိုက်အမှတ်(၅)၊ (၃)လွှာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (စာတိုက်အမှတ် - ၁၁၀၅၁)၊ ရန်ကုန်မြို့။

Building No.(5), 3rd Floor, Parami Road, (16) Ward, Hlaing Township, (Postal Code : 11051) Yangon Division, Myanmar.

Tel : + 95 9 44643 2385 / Email : myanmar@advansia.com / Website : https://advansiaagroscience.com

Advansia Agroscience Myanmar  Advansia Agroscience Myanmar

# တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပဝင်ငွေ အဓိကရရှိနေသော သီဟိုဠ်စေ့(ကုန်ချော)



စိုးပြို(ထားဝယ်)

တနင်္သာရီတိုင်းဒေသကြီးတွင် ရှေးယခင်ကပင် သီဟိုဠ်ပင်များမှာ တောင်ကုန်း၊ တောင်တန်းများနှင့် လွင်ပြင်၊ မြေလွတ်၊ မြေရိုင်းများတွင် အလေ့ကျ ပေါက်ရောက်လျက်ရှိခဲ့သည်။ အသီးမှ ထွက်ရှိသည့် သီဟိုဠ်အစေ့များကို အစားအစာတစ်ခုအဖြစ် စားသုံးခဲ့ကြပြီး ၎င်းတွင် ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များစွာလည်း ပါဝင်လျက်ရှိသည်။ ယခုအခါ အဆိုပါ အလေ့ကျပေါက်ရောက်သော သီဟိုဠ်ပင်များအပြင် စီးပွားဖြစ် အဓိကထုတ်ကုန်တစ်ခုအဖြစ် တိုးချဲ့စိုက်ပျိုးလာကြသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင် ပြည်နယ်များတွင်လည်း စီးပွားဖြစ် စိုက်ပျိုးလာကြသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်၊ မြိတ်၊ ကော့သောင်းနှင့် ဘုတ်ပြင်းခရိုင်များတွင် စိုက်ဧက ၇၃၉၂၆ဧက၊ အသီး ခူး ၅၅၁၁၉ ဧက၊ တစ်ဧကအထွက်နှုန်း ၁၉၈ ပိသာခန့်နှင့် စုစုပေါင်းအထွက် ပိသာ ၁၀၉ သိန်းခန့်ထွက်ရှိကြောင်း သိရသည်။

သီဟိုဠ်သီးအစေ့များမှာ ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်ထွက်ရှိပြီး ဧပြီလ(သင်္ကြန်ကာလအပြီး) လကုန်ပိုင်း မိုးမကျမီအထိ ဆွတ်ခူးရရှိကြောင်း သိရသည်။ သီဟိုဠ်စေ့ပေါ်သည့် ကာလတွင် မြို့ပတ်ဝန်းကျင်ရှိ သီဟိုဠ်စေ့အကြမ်းမှ အချောထုတ်လုပ်သည့် စက်ရုံများမှ အဝယ်ဒိုင်များဖွင့်လှစ်ကာ ဒေသမှ ထွက်ရှိသော သီဟိုဠ်စေ့အကြမ်းများကို ယမန်နှစ်က တစ်ပိသာလျှင် ကျပ် ၃၅၀၀ ဖြင့် တိုက်ရိုက်ဝယ်ယူပြီး တစ်နှစ်ပတ်လုံး သီဟိုဠ်စေ့ ကုန်ချောများအား ထုတ်လုပ်လျက် ပြည်ပသို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ပြည်တွင်း၌လည်း ဖြန့်ဖြူးရောင်းချလျက် တိုင်းဒေသကြီးအနေဖြင့် ဝင်ငွေရရှိနေသော လုပ်ငန်းတစ်ခုဖြစ်သည်။

သီဟိုဠ်စေ့ အချောထုတ်လုပ်ရန်အတွက် ဝယ်ယူရရှိလာသော သီဟိုဠ်အကြမ်းလုံးများကို နေပူပူတွင် ငါးရက်ခန့် လှန်းပြီးလျှင် ဆိုဒ်ခွဲစက်ဖြင့် အေအဆင့်၊ ဘီအဆင့်၊ စီအဆင့်၊ ဒီအဆင့်စသည်ဖြင့် အဆင့်ခွဲခြားရယူပြီး ခြောက်သွေ့စေရန် ပေါင်းခံစက်တွင် ထည့်၍ ၃၅ မိနစ်ခန့် ပေါင်းခံရသည်။ ပေါင်းခံစက်မှ ပေါင်းခံ၍ ထွက်ရှိလာသော သီဟိုဠ်စေ့အကြမ်းလုံးများမှ အခွံကြမ်းများအား စက်ဖြင့် ခွာယူလိုက်လျှင် အခွံပါးကပ်နေသော သီဟိုဠ်စေ့ ကုန်ကြမ်းများ ရရှိသည်။ သီဟိုဠ်စေ့ ကုန်ကြမ်းများအား အခြောက်ခံစက်တွင်ထည့်ကာ အပူချိန်၈၀ ဒီဂရီနှင့် ရှစ်နာရီခန့် အခြောက်ခံပြီး ရရှိလာသော သီဟိုဠ်စေ့များအား လူအင်အားဖြင့် အခွံပါးများ ထပ်မံခွာယူပြီးပါက အသင့်စားသုံးနိုင်သည့် သီဟိုဠ်စေ့အချောများကို ရရှိမည်ဖြစ်သည်။ ထွက်ရှိလာသော သီဟိုဠ်စေ့ အချောများကို လုံးပြည့်၊ အခြမ်း၊ နှစ်ပိုင်းကျိုး၊ သုံးပိုင်းကျိုး စသည်ဖြင့် ထပ်မံခွဲထုတ်ပြီး အသင့်ထုပ်ပိုးကာ ပြည်တွင်း ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

သီဟိုဠ်စေ့ကုန်ကြမ်းမှ ရောင်းတန်းဝင် အစေ့ချော(လုံးချော)အထိ အဆင့်ဆင့် ထုတ်ယူရာတွင် အကြမ်း ၁၀ ပိသာလျှင် ရောင်းတန်းဝင် သီဟိုဠ်စေ့အချော(လုံးချော)လုံးပြည့် တစ်ပိသာ ၅၀ ကျပ်သားခန့်ရရှိကာ အခြမ်း၊ နှစ်ပိုင်းကျိုး၊ သုံးပိုင်းကျိုးနှင့် အခြား အသေးအဖွဲ့များ ၁၅ ကျပ်သားခန့် ထွက်ရှိကြောင်း တွေ့ရှိရသည်။ ဘေးထွက်ပစ္စည်းအနေဖြင့် အခွံ့အကြမ်း ခုနစ်ပိသာခန့် ပြန်လည်ရရှိပြီး အဆိုပါ ဘေးထွက်ပစ္စည်းများအား ပေါင်းခံခြင်း၊ အခြောက်ခံခြင်းများတွင် အသုံးပြုသော ဘွိုင်လာများ၏ လောင်စာအဖြစ် ထင်းအစားထိုး ပြန်လည်အသုံးပြုနိုင်ကြောင်း သိရသည်။

သီဟိုဠ်စေ့အချော လုံးပြည့်များအား တရုတ်နိုင်ငံရှိ ကုန်သည်များမှ တစ်ကီလိုလျှင် ရောရာသီဟိုဠ်စေ့(၃၂၀ မှ ၂၄၀) အထိ ဆိုဒ်ရောရာများအား ဝယ်ယူလျက်ရှိပြီး စင်ကာပူနိုင်ငံမှ တစ်ကီလိုလျှင် သီဟိုဠ်စေ့ ၃၂၀ ပါဆိုဒ်၊ ၂၄၀ ပါ ဆိုဒ်များအား ဈေးနှုန်းသီးသန့်သတ်မှတ် ဝယ်ယူလျက်ရှိကြောင်းနှင့် တစ်နှစ်လျှင် နှစ်ကြိမ်ခန့် ဝယ်ယူလျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ သီဟိုဠ်စေ့ ကုန်ကြမ်းအတိုင်းလည်း လာရောက်ဝယ်ယူမှုရှိသည်။

ယခုအခါ တနင်္သာရီတိုင်းဒေသကြီးတွင် သီဟိုဠ်စေ့အချောဆိုဒ်ရောရာ တစ်ပိသာလျှင် ကျပ် ၅၅၀၀၀ ပေါက်ဈေး ဖြစ်ပေါ်နေကြောင်းနှင့် ကျန်ရှိသော သီဟိုဠ်စေ့ အခြမ်း၊ နှစ်ပိုင်းကျိုး၊ သုံးပိုင်းကျိုးများအား ဒေသတွင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ စားသောက်ဆိုင်များမှ တရုတ်ဟင်းလျာများ၊ ဒံပေါက်များ၊ ထိုးမုန့်များ၊ ရေခဲမုန့်များနှင့် အခြားသော စားသောက်ကုန်လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့်အတွက် တင်ပို့ရောင်းချလျက်ရှိကြောင်း ထားဝယ်မြို့ပေါ်ရှိ သီဟိုဠ်စေ့အချော ထုတ်လုပ်သည့် စက်ရုံမှ သိရသည်။

ထားဝယ်မြို့ပေါ်ရှိ သီဟိုဠ်စေ့အချော စက်ရုံတစ်ရုံမှ တစ်ရက်လျှင် သီဟိုဠ်စေ့အလုံးကြမ်း ပိသာ ၄၀၀၀ ခန့်အား ကြိတ်ခွဲလျက်ရှိပြီး သီဟိုဠ်စေ့အချောလုံးပြည့် ၆၅၀ ပိသာခန့် ထွက်ရှိသည်။ စက်ရုံတစ်ရုံလျှင် လုပ်သားဦးရေ ၁၀၀ ဦးမှ ၂၀၀ ဦးခန့်ဖြင့် လည်ပတ်လျက်ရှိပြီး အမျိုးသားလုပ်သား တစ်ဦးလျှင် တစ်နေ့ဝင်ငွေ ကျပ် ၂၀၀၀၀ ခန့်၊ အမျိုးသမီး တစ်ဦးလျှင် ကျပ် ၁၅၀၀၀ ခန့် ပုံမှန်ဝင်ငွေ ရရှိလျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် သီဟိုဠ်စေ့ အချောစက်ရုံ အကြီး၊ အသေး စုစုပေါင်း ၂၆ ရုံခန့်ရှိပြီး ရာသီဥတု အခြေအနေအရ သီဟိုဠ်စေ့ကုန်ကြမ်း ထွက်ရှိမှုအပေါ် မူတည်၍ တစ်နှစ်ပတ်လုံး လည်ပတ်လျက်ရှိသကဲ့သို့ သုံး/လေး လခန့်သာ လည်ပတ်နိုင်သော ကာလများလည်းရှိသည်။ တနင်္သာရီတိုင်းဒေသကြီးမှ သီဟိုဠ်စေ့ ကုန်ချောပိသာ ၁၇ သိန်းခန့်ရရှိပြီး များစွာဝင်ငွေရရှိနေသော လုပ်ငန်းတစ်ခုဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ကုန်ကြမ်းရရှိမှုနှင့် လည်ပတ်သည့် သီဟိုဠ်စေ့အချော စက်ရုံမျှတမှုမရှိသည့်အတွက် လိုအပ်သော ကုန်ကြမ်းများအား သီဟိုဠ်စေ့ စိုက်ပျိုးထွက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်များမှ နှစ်စဉ်လိုအပ်သည့် ကုန်ကြမ်းများကို ဝယ်ယူထုတ်လုပ်နေရသဖြင့် ကုန်ကျစရိတ်များ ပိုမိုမြင့်မားလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် တနင်္သာရီ တိုင်းဒေသကြီးတွင် ဝင်ငွေရရှိနေသော သီဟိုဠ်ပင် စိုက်ပျိုးခြင်း လုပ်ငန်းများအား ပိုမိုတိုးချဲ့ စိုက်ပျိုးရန်နှင့် အထွက်နှုန်းများ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သင့်ကြောင်း၊ ကုန်ကျစရိတ် သက်သာမှုရှိအောင် သီဟိုဠ်စိုက်ပျိုးထွက်ရှိသည့် နေရာများ၌ စက်ရုံများ ပိုမိုတိုးချဲ့ ထုတ်လုပ်သင့်ကြောင်း လေ့လာမိပါသည်။

သို့ဖြစ်၍ တနင်္သာရီတိုင်းဒေသကြီး၏ အဓိကထုတ်ကုန်တစ်ခု ဖြစ်သော သီဟိုဠ်စေ့အချောထုတ်လုပ်မှုလုပ်ငန်းသည် ဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ၊ တစ်ဦးချင်းဝင်ငွေများ တိုးတက်မှုရရှိလာပြီး မိရိုးဖလာ လက်မှုလုပ်ငန်းမှ MSMEs လုပ်ငန်းများ ပြောင်းလဲပြင်ဆင်ပြုလုပ်လာသဖြင့် စက်မှုစွမ်းအားများ မြင့်မားတိုးတက်လာကာ တန်ဖိုးမြင့် ထုတ်ကုန်များ (Value Added) ကို ပြည်တွင်း၊ ပြည်ပ နိုင်ငံများသို့ တင်ပို့ရောင်းချခြင်းဖြင့် စိုက်ပျိုးသူ တောင်သူမှ လုပ်သားစက်ရုံပိုင်ရှင်များအထိ ဝင်ငွေရရှိနေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ တိုင်းဒေသကြီး၏ GDP တိုးတက်မှု ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်အတွက်လည်း ပြည်ပဝင်ငွေ ရရှိနေသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း တင်ပြလိုက်ပါသည်။



Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်၊ ခင်မောင်လှိုင်၊ နီနီကျော်

**စာတည်းမှူးချုပ်**
ညီညီအောင်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
သဇင်(မအူပင်)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com


MISL Myanmar ICT Solutions Limited
DRIVE YOUR BUSINESS FORWARD
WITH
INNOVATIVE TECH INTEGRATION!
09 765101660
www.misl.com.mm


ZECUF*
Relieves cough. Soothes throat.
လည်ချောင်းနာခြင်း ချောင်းဆိုးကင်း
လျင်မြန်ထိရောက် ဇီးကပ်(ဖ်) သောက်
ZECUF
HERBAL COUGH REMEDY
ZECUF HERBAL COUGH LOZENGES
Manufactured by: Unique Pharmaceutical Laboratories

MYANMAR FINEST AUTOMOBIL

# "Enjoyment of driving"

BOSCH Service
Car Service



Address : No.25, Baho Road ( Shan Lane Street), Aung Chan Thar Ward, Sanchaung Township, Yangon.

Contact No : 09 254282251, 09 777603255

Email : marketing@myanmarfinestautomobil.com



# MUST

Myanmar United Society Trading Co.,Ltd

## Wherever you carry we are ready!

OUR SERVICE

- Sea Freight Forwarding.
- Cross Border Service.
- Customs Clearance Service.
- Logistics & Transportation Service.

ADDRESS : Nawarat Condo (M1) Bet. Aung Chan Thar (1) Street &


Yadanar Mying Street., (1) Ward, Kamayaut Tsp.

Ph No : 09782782500, 09964041092, 09970562054

Email : musttrading@gmail.com

# ပခုက္ကူမြို့ ပဲ၊နှမ်း ဈေးနှုန်းဈေးကွက်

**မြင့်မြင့်သန်း (ပခုက္ကူ)**



**မြေပဲ**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် မိုးမြေပဲ(အသစ်)များ ပခုက္ကူဈေးကွက်သို့ ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ နိုဝင်ဘာစတုတ္ထပတ်တွင် ဆီထွက်သီးနှံမြေပဲအတောင့်နှင့် အဆန်များ ဈေးအနည်းငယ် မြင့်တက်ပြီး အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ဈေးကွက်သို့ ဝင်ရောက်လာသော မြေပဲ အတောင့်နှင့် အဆန်များကို မြို့ပေါ်ရှိ လှော်လက်သမားများ၊ ဆီစက်လုပ်ငန်းရှင်များ အဝယ်လိုက်ခြင်းအပြင် တရုတ်နိုင်ငံမှလည်း ဝယ်လိုအားများလျက်ရှိ၍ ဈေးနှုန်းမြင့်တက်ကြောင်း၊ မြေပဲဆန်အရည်အသွေးနှင့် ဝယ်လိုအားပေါ် မူတည်၍ ဈေး အနိမ့်၊ အမြင့်ရှိကြောင်း သိရှိရသည်။

ပခုက္ကူပွဲရုံဈေးကွက်တွင် ဖြစ်ပေါ်နေသော မြေပဲဈေးနှုန်းများမှာ ယခုတစ်ပတ်တွင် မြေပဲတောင့် (အခြောက်) တစ်ပိဿာလျှင် ကျပ် ၅၅၀၀ - ၄၈၀၀၊ ယခင်တစ်ပတ်က မြေပဲတောင့် (အခြောက်) တစ်ပိဿာလျှင် ကျပ် ၅၁၀၀ - ၄၆၀၀ ဖြစ်ခြင်းကြောင့် တစ်ပတ်အတွင်း တစ်ပိဿာလျှင် ကျပ် ၄၀၀ ဈေးတက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုတစ်ပတ်တွင် မြေပဲလုံးဆန်(နီ) တစ်ပိဿာလျှင် ငွေကျပ် ၈၆၀၀-၈၄၀၀-၈၀၀၀၊ ယခင်တစ်ပတ်က မြေပဲလုံးဆန်(နီ) တစ်ပိဿာလျှင် ငွေကျပ် ၈၁၅၀ - ၈၁၀၀- ၇၉၀၀ တစ်ပတ်အတွင်း တစ်ပိဿာလျှင် ကျပ် ၄၅၀ ဈေးတက်၍ အရောင်းအဝယ်ဖြစ်ခဲ့သည်။ မြေပဲလုံးဆန် (ဖြူ)တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀-၈၃၀၀-၇၉၅၀၊ ယခင်တစ်ပတ်တွင် မြေပဲလုံးဆန် (ဖြူ)တစ်ပိဿာလျှင် ငွေကျပ် ၈၁၀၀ - ၈၁၅၀ - ၈၀၀၀ တစ်ပတ်အတွင်း တစ်ပိဿာလျှင် ကျပ် ၃၀၀ ဈေးတက်၍ အရောင်းအဝယ်ဖြစ်ခဲ့သည်။ မြေပဲဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ငွေကျပ် ၇၄၀၀ - ၇၂၀၀၊ ယခင်တစ်ပတ် ငွေကျပ် ၇၀၀၀-၆၉၀၀၊ မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၄၀၀ ခန့် ဈေးတက်၍ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

ပခုက္ကူမြေပဲဆန်ဈေး မြင့်တက်ရခြင်းမှာ ဈေးကွက်သို့ မြေပဲဆန် (အသစ်)များ ဝင်ရောက်မှု နည်းခြင်းနှင့် ဒေသတွင်း ဆီစက်လုပ်ငန်းရှင်များမှ ဝယ်ယူမှုအပြင် ပြည်ပနိုင်ငံများမှ အဝယ်လိုက်ခြင်းကြောင့် မြေပဲဈေးနှုန်း ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း ဈေးကွက်မှ သိရှိရသည်။

**ကျွန်းစားတော်ပဲ**

ပခုက္ကူမြို့ ပဲဈေးကွက်တွင် ပြည်တွင်းစားသုံးမှုမြင့်မားလျက်ရှိသော စားတော်ပဲများ စက်တင်ဘာလ(ဒုတိယ)ပတ်မှစ၍ ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် သီးနှံအသစ်ပေါ်ချိန် မရောက်ရှိသေး၍ ကျွန်းစားတော်ပဲ(အဟောင်း) များကိုသာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ စိုက်ပျိုးရာသီရောက်ချိန်နီး၍ စိုက်တောင်သူများမှလည်း မျိုးအဖြစ် ပြန်လည်ဝယ်ယူမှုများကြောင်း သိရှိရသည်။ ဈေးကွက်သို့ ကျွန်းစားတော်ပဲ စိုက်ပျိုးမှုများသော ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ လောင်းရှည်ဒေသများနှင့် ရေနံချောင်းမြို့မှ ထွက်ရှိသော စားတော်ပဲများ ပွဲရုံများသို့ ဝင်ရောက်ကြောင်း၊ ထိုမှတစ်ဆင့် ဒေသတွင်း စားသုံးသူများသို့ တစ်ဆင့်ပြန်လည်ရောင်းချကြောင်း သိရှိရသည်။

ဈေးနှုန်းအနေဖြင့် စက်တင်ဘာ ဒုတိယပတ်တွင် ကျွန်းစားတော်ပဲ တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့ရာ အောက်တိုဘာလတွင် စားတော်ပဲ တစ်တင်းလျှင် ကျပ် ၁၄၅၀၀၀ နိုဝင်ဘာ စတုတ္ထပတ်တွင် ကျပ် ၁၄၆၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်လအတွင်း စားတော်ပဲ တစ်တင်းလျှင် ကျပ်၁၀၀၀ ခန့် ဈေးတက်လာခဲ့ သည်။ ဈေးကွက်အတွင်း၌ စားတော်ပဲ လက်ကျန်နည်း၍ တစ်ပတ်အတွင်း ပိဿာ ၃၀ ဝင် အိတ် ၂၀ ခန့် အရောင်း အဝယ်ဖြစ်ကြောင်း၊ ဒေသတွင်းဆောင်းသီးနှံစားတော်ပဲတို့ကို မြစ်ရေဝင် ကျွန်းမြေများတွင် စိုက်ပျိုးချိန်ဖြစ်၍ မျိုးစားတော်ပဲများကို စိုက်ပျိုးတောင်သူများမှ ဝယ်ယူမှုများ၍ အရောင်းအဝယ် သွက်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

**ပဲတီစိမ်းသေး (ခေါ်) ပဲနောက်**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူဈေးကွက်သို့ ဆီထွက်သီးနှံ မြေပဲ၊ နှမ်းနှင့် ပဲမျိုးစုံ နေ့စဉ်ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ နိုဝင်ဘာစတုတ္ထပတ်တွင် ပဲတီစိမ်းသေး (ခေါ်) ပဲနောက်သီးနှံများ ဈေးတက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ပဲတီစိမ်း(ခေါ်) ပဲနောက် သီးနှံသည် တစ်နှစ်လျှင် မိုး၊ ဆောင်း နှစ်ရာသီစိုက်ပျိုးကြသည်။ ပခုက္ကူခရိုင်အတွင်း အများဆုံး စိုက်ပျိုးသည့် ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ထွက်ရှိသော ပဲနောက်သီးနှံများ အများဆုံးဝင်ရောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် သီးနှံပေါ်စအချိန် ဩဂုတ်လ ပထမပတ်တွင် ပဲနောက်သီးနှံ တစ်တင်းလျှင် ငွေကျပ် ၇၂၅၀၀- ၇၃၅၀၀ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး စက်တင်ဘာလ နှင့် အောက်တိုဘာလတွင် ဈေးအတက်အကျမရှိ ဈေးငြိမ်ပြီး နိုဝင်ဘာ စတုတ္ထပတ်တွင် ဈေးမြင့်တက်ပြီး ပဲနောက်သီးနှံ တစ်တင်းလျှင် ငွေကျပ် ၁၀၄၀၀၀ - ၁၀၅၀၀၀ ဖြစ်၍ အရောင်းအဝယ်ဖြစ်၍ သီးနှံပေါ်စနှင့် ယခုအချိန်ဈေးနှုန်းနှိုင်းယှဉ်ပါက တစ်တင်းလျှင် ငွေကျပ် ၃၂၅၀၀ ခန့် ဈေးတက်လာခဲ့သည်။ ဈေးကွက်အနေဖြင့် ဒေသတွင်း ဝယ်ယူစားသုံးမှုများအပြင် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ လျက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

**နှမ်း**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် နွေနှမ်းသီးနှံများ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိရာ စိုက်ပျိုးမှုများသော ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ရေစကြို၊ ယောနယ်ဒေသများ၊ အခြားမြို့နယ်များမှ နွေနှမ်းသီးနှံများ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိသည် တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၃၀၀-၄၀၀ ဝင်ရောက်၍ တစ်ပတ်အတွင်း အိတ် ၂၀၀၀ ခန့် ဝင်ရောက်ကြောင်း၊ နှမ်းဖြူနှင့် နှမ်းနက် (စမုန်)နှစ်မျိုး အများဆုံး အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် နိုဝင်ဘာ စတုတ္ထပတ်တွင် နှမ်း အရည်အသွေးလိုက်၍ နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၂၁၅၀၀၀- ၂၀၅၀၀၀- ၁၉၅၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ်(၁၃၂၀၀၀- ၁၂၇၀၀၀-၁၂၀၀၀၀ အသီးသီးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင် အောက်တိုဘာစတုတ္ထပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက နှမ်းနက် တစ်တင်းလျှင် ကျပ်၅၀၀၀ဈေးနှုန်းကျဆင်းပြီး နှမ်းဖြူမှာ ဈေးငြိမ်နေကြောင်းသိရသည်။ သီးနှံပေါ်ချိန်ဖြစ်၍ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုများကြောင်း၊ ယောနယ်ဒေသ ထီးလင်း၊ ဂန့်ဂေါ၊ ဆော၊ ကျောက်ထုဒေသထွက် နှမ်းများ အများဆုံး ဝင်ရောက်ကြောင်း၊ ဈေးကွက်သို့ရောက်ရှိသည့် နှမ်းများကို မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များ၊ နှမ်းလှော်လုပ်ငန်းရှင်များနှင့် အခြား စားသောက်ကုန်လုပ်ငန်းရှင်များမှ ဝယ်ယူမှုများကြောင်း၊ ရန်ကုန်၊ မန္တလေး ဈေးကွက်သို့လည်း တင်ပို့လျက်ရှိကြောင်း၊ ဈေးကွက်သို့ ကုန်ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း မြို့ပေါ်ရှိ ဆီထွက်သီးနှံရောင်းဝယ်ရေးဈေးကွက်မှ သိရှိရသည်။

# မကွေးခရိုင် ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

**ပဲတီစိမ်း**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် အတွင်းရှိ ကျေးရွာများတွင် ပဲတီစိမ်းသီးနှံကို ဩဂုတ်လကုန် စက်တင်ဘာလဆန်းတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာလ စတုတ္ထပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၉၇၀၀၀-၉၈၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့နှင့် မကွေးမြို့သို့ ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ပဲတီစိမ်း အထွက်နှုန်း အနည်းငယ် လျော့နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် အကျိုးအမြတ်များရရှိကြောင်း သိရသည်။

**ဆောင်းမြေပဲ**

မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်းမြေပဲကို မိုးနှမ်းရိတ်သိမ်းပြီးသည့် စိုက်ခင်းမြေများတွင် ထွန်ယက်၍ ဩဂုတ်လတွင် စိုက်ပျိုးပြီး အောက်တိုဘာလကုန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။ နိုဝင်ဘာလ စတုတ္ထပတ်တွင် မြေပဲတောင့် တစ်တင်းလျှင် ကျပ် ၂၆၅၀၀-၃၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ထွက်ရှိသည့် ဆောင်းမြေပဲများကို မကွေးမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ လည်းကောင်း၊ ဒေသတွင်းရှိ ဆီစက်လုပ်ငန်းရှင်များနှင့် မြေပဲကို တန်ဖိုးမြှင့် ထုတ်ကုန် (Value Added) ပြုလုပ်၍ ပြန်လည်ရောင်းချသည့် လုပ်ငန်းရှင်များမှ လည်းကောင်း ဝယ်ယူကြကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှုများပြီး အထွက်နှုန်း အနည်းငယ်လျော့နည်းသော်လည်း ဈေးကောင်း ရသောကြောင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကြောင်း၊ မြေပဲပင်များကို အခြောက်ခံနေလှန်း၍ တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သဖြင့် တိရစ္ဆာန်အစာဖူလုံမှုရှိသည့် သီးနှံဖြစ်သောကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ကုလားပဲ**

မကွေးဈေးကွက်၌ မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာများမှထွက်ရှိသည့် ကုလားပဲသီးနှံများ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ စတုတ္ထပတ်တွင် ကုလားပဲ(ဟော်လန်)တစ်တင်းလျှင် ကျပ် ၉၆၀၀၀-၉၆၅၀၀ ၊ ကုလားပဲ 929 တစ်တင်းလျှင် ငွေကျပ် ၉၇၀၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ကုလားပဲသီးနှံ ထွက်ပေါ် ရာသီ မဟုတ်သည့်အတွက် အရောင်းအဝယ် အေးကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့နှင့် တောင်တွင်းကြီးမြို့ရှိ သီးနှံပွဲရုံများ သို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ဒေသတွင်းရှိ ပဲကြော်၊ ပဲလှော်၊ မုန့်လုပ်ငန်းရှင်များမှ ဝယ်ယူကြကြောင်းနှင့် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ကြောင်း သိရသည်။

**ပဲကြီးဖြူ**

မကွေးမြို့နယ်အတွင်းရှိ လယ်ယား၊ ပေါက်တော၊ ကိုးပင် ကွေ့ကျေးရွာများတွင် ပဲကြီးဖြူသီးနှံများ စိုက်ပျိုးလျက်ရှိရာ နိုဝင်ဘာ စတုတ္ထပတ်တွင် ပဲကြီးဖြူတစ်တင်းလျှင် ကျပ် ၈၅၀၀၀-၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ပေါ်ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ဒေသတွင်းရှိ ပဲကြော်ပဲလှော်လုပ်ငန်းရှင်များမှလည်း ဝယ်ယူကြကြောင်း၊ ပဲကြီးဖြူသည် ကုန်ကျစရိတ်သက်သာပြီး စိုက်ပျိုးရလွယ်ကူသည့် သီးနှံဖြစ် သောကြောင့် တောင်သူများအနေဖြင့် နှစ်စဉ် စိုက်ပျိုးလျက်ရှိပြီး ယခုအခါ ပဲကြီးဖြူများ ဖူးပွင့်ဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**တင့်တင့်ထွန်း(မကွေး)**

Vol: 24, No.13 Monday December 2 2024

# ကရင်ပြည်နယ်ဒေသထွက် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ ဈေးနှုန်းဈေးကွက် အခြေအနေ

ကရင်ပြည်နယ်ဒေသထွက် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အောက်တိုဘာလနှင့် နိုဝင်ဘာလ ဈေးနှုန်းနှိုင်းယှဉ်ချက်များအရ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ တစ်ပိဿာဈေးနှုန်းများ အနည်းငယ် ကျဆင်းခဲ့ကြောင်း သိရသည်။ ဈေးနှုန်းနှိုင်းယှဉ်ချက်များအရ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအား အောက်ပါအတိုင်းသိရှိရသည်-

| အမျိုးအစား | ဈေးနှုန်းနှိုင်းယှဉ်ချက်(၂၀၂၄ ခုနှစ်) | | အတက်(+)/ အကျ(-) |
|---|---|---|---|
| | အောက်တိုဘာလ | နိုဝင်ဘာလ | |
| ပဲကြီး | ၆၀၀၀ | ၅၇၀၀ | (-) ၃၀၀ |
| ပဲလွန်းဖြူ | ၆၂၀၀ | ၅၂၀၀ | (-) ၁၀၀၀ |
| ပဲကျားမဲ | ၆၅၀၀ | ၆၂၀၀ | (-) ၃၀၀ |
| မြေပဲ | ၉၀၀၀ | ၉၀၀၀ | - |
| ပဲတီရွှေဝါ | ၅၀၀၀ | ၄၇၀၀ | (-)၃၀၀ |
| ပဲတီစိမ်းရိုးရိုး | ၅၀၀၀ | ၄၇၀၀ | (-)၃၀၀ |
| ပဲထောပတ် | ၉၀၀၀ | ၈၀၀၀ | (-)၁၀၀၀ |
| မတ်ပဲ | ၇၀၀၀ | ၆၃၀၀ | (-)၇၀၀ |
| ပဲပုပ် | ၈၀၀၀ | ၇၅၀၀ | (-)၅၀၀ |
| စမုန်နက်နှမ်း | ၁၆၀၀၀ | ၁၃၀၀၀ | (-)၃၀၀၀ |
| ရိုးရိုးနှမ်း | ၈၀၀၀ | ၆၀၀၀ | (-)၂၀၀၀ |

ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအနေဖြင့် ရောင်းလိုအား၊ ဝယ်လိုအားထက် ငွေလဲလှယ်နှုန်းထားပေါ် မူတည်၍ ဈေးနှုန်း အပြောင်းအလဲ အတက်အကျရှိကြောင်းနှင့် ကရင်ပြည်နယ်တွင် ဒေသတွင်း ကုန်သည်လက်ကျန် အနည်းငယ်သာရှိပြီး လက်လီရောင်းဝယ်မှုများသာ အဓိကရှိကြောင်းနှင့် လိုအပ်သောပဲများကို မော်လမြိုင်မြို့နှင့် အခြားပြည်တွင်းဒေသများမှ ပြန်လည်သယ်ယူရောင်းချကြကြောင်း သိရသည်။

**မျိုးဝင်းနိုင် (Doca Kayin)**

# ကရင်ပြည်နယ်တွင် ပဲပုပ် ဈေးကောင်းလာ

ကရင်ပြည်နယ်တွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ဒေသအနှံ့အပြား စိုက်ပျိုးကြသော်လည်း သံလွင်မြစ်ကြောင်းတစ်လျှောက်ရှိ နုန်းတင်မြေနု စိုက်ခင်းများတွင် ပဲပုပ်ကို အဓိကစိုက်ပျိုးကြသည်။ ပဲပုပ်သည် စိုက်ပျိုးရန် လွယ်ကူပြီး တစ်ဧက ကုန်ကျစရိတ် သက်သာသော သီးနှံဖြစ်သောကြောင့် သံလွင်မြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများတွင် အဓိကစိုက်ပျိုးပြီး တောင်သူတွက်ခြေကိုက်သော သီးနှံဖြစ်ကြောင်းနှင့် နှစ်စဉ် မြစ်ရေကျချိန် တော်သလင်းလဆန်းတွင် စတင်စိုက်ပျိုးကြောင်းနှင့် ပြာသိုလဆန်းတွင် စတင်ရိတ်သိမ်းကြောင်း သိရသည်။

ဒေသခံ တောင်သူများအနေဖြင့် ပဲပုပ်စိုက်ပျိုးရာတွင် မြစ်ရေကျချိန် ပေါ်ထွက်လာသော မြေနုကျွန်းများတွင် မြေပြုပြင်ခြင်းမရှိဘဲ ကြဲပက်စိုက်ပျိုးကြကြောင်းနှင့် တစ်ဧက အထွက်နှုန်း ၁၃ တင်းမှ ၁၅ တင်းခန့် ရရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ပဲပုပ် တစ်ပိဿာလျှင် ကျပ် ၃၉၀၀ ဖြင့် ဈေးနှုန်းစဖွင့်၍ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ဈေးကွက်ပေါက်ဈေးမှာ ကျပ် ၇၅၀၀ ထိ မြင့်တက်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ ပဲပုပ်များဈေးကောင်းရလာခြင်းနှင့်အတူ လက်ရှိစိုက်ပျိုးထားရှိသော ပဲပုပ်များထွက်ပေါ်လာမည့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ပဲပုပ်ပေါ်ချိန်တွင် အမြတ်အစွန်း ပိုမိုရှိနိုင်မည်ဟု တောင်သူများက မျှော်မှန်းလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းနိုင် (Doca Kayin)**

| ပြည်ကုန်စည်ဒိုင်ပဲမျိုးစုံဈေးနှုန်းဈေးကွက် | | | | | တစ်တင်း/ကျပ် |
|---|---|---|---|---|---|
| အမျိုးအစား | နိုဝင်ဘာလပဲဈေးနှုန်း | | | | ရန်ကုန် |
| | ပထမပတ် | ဒုတိယပတ် | တတိယပတ် | စတုတ္ထပတ် | အဝယ်/အိတ် |
| မတ်ပဲ | ၁၂၀၀၀၀-၁၂၀၅၀၀ | ၁၁၇၀၀၀ | ၁၁၈၀၀၀-၁၁၉၀၀၀ | ၁၁၇၅၀၀-၁၁၈၀၀၀ | ၁၅၀-၂၀၀ |
| ပဲတီစိမ်း | ၉၀၀၀၀ | ၉၃၀၀၀ | ၉၆၀၀၀-၉၇၀၀၀ | ၉၆၀၀၀-၉၇၀၀၀ | ၇၀၀-၈၀၀ |
| ကုလားပဲ HL | ၁၀၂၀၀၀ | ၁၀၁၅၀၀ | ၁၀၂၀၀၀ | ၁၀၂၀၀၀ | ၃၀၀ အိတ် |
| ပဲကြီး (ရွှေကျွန်း) ပဲကြီး | ၉၂၀၀၀ | ၉၀၀၀၀ | ၉၀၀၀၀ | ၉၀၀၀၀ | ၂၅၀ အိတ် |
| ကုန်းပဲ | ၈၇၀၀၀ | ၈၅၀၀၀ | ၈၅၀၀၀ | ၈၅၀၀၀ | ၂၅၀ အိတ် |

## မြန်မာ့ဆိပ်ကမ်းတွင် ၂၉ .၁၁ . ၂၀၂၄ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | MT. AU VIRGO | P'Oil(In Bulk) ၄၃၀၀ တန်ချဆဲ |
| | MT. TIRTASARI | P'Oil(In Bulk) ၅၁၀၀ တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | TCI ARJUN | ကုန်သေတ္တာ ၃၃၀ တင်ဆဲ(ပူးတွဲလုပ်ဆောင်) |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | MSC KANU F | ကုန်သေတ္တာ ၄၅၄ တင် ၁၈၇ ချဆဲ |
| | HE LE | ကုန်သေတ္တာ ၆၁၇ တင် ၃၂၇ ချဆဲ |
| | SITC CHANGMING | ကုန်သေတ္တာ ၃၄၇ တင် ၃၃၄ ချဆဲပူးတွဲလုပ်ဆောင် |
| | SINAR BUKITTING | ကုန်သေတ္တာ ၁၂၁၇ တင် ၇၁၆ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | METHI BHUM | ကုန်သေတ္တာ ၅၉၅ တင် ၈၀၆ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်း အမှတ်(၁) | HUAYOU-1 | ဆန်တန်ချိန် ၁၂၅၀၀ တန်တင်ဆဲ |
| အလုံဆိပ်ကမ်း အမှတ်(၂) | GOLDEN ATLANTIC | ဆန်တန်ချိန် ၁၀၀၀၀ တန်တင်ဆဲ |
| အလုံဆိပ်ကမ်း အမှတ်(၃) | VTC PHOENIX | ဆန်တန်ချိန် ၁၂၅၀၀ တန်တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၁) | BEYPORE SULTAN | ကုန်သေတ္တာ ၁၇ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | OCEAN GLORY | ပြောင်းဖူးတန်ချိန် ၂၅၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | MTT SPANGAR | ကုန်သေတ္တာ ၃၉၁ တင် ၉၃၇ ချဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၂) | ZHIDA-6 | ဆန်တန်ချိန် ၁၅၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၃) | AKDENIZ-M | ဆန်တန်ချိန် ၂၉၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၄) | ANIMA | ဆန်တန်ချိန် ၂၂၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၆) | ESPERIA | ဆန်တန်ချိန် ၃၀၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | BC VANESSA | ဆန်တန်ချိန် ၂၅၀၀၀ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၁) | SS-1 | ပြောင်းဖူးတန်ချိန် ၁၂၅၀၀ တန်တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၂) | MV MCL-4 | ကုန်သေတ္တာ ၅၃ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | BMC CATHERINE | ဆန်တန်ချိန် ၁၃၁၀၀ တန်တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | MTT SPANGAR | ကုန်သေတ္တာ ၃၉၁ တင် ၉၃၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| WILMAR JETTY | MT. ROYAL-79 | P'Oil(In Bulk) ၄၉၉၉တန်ချဆဲ |
| | LEGEND | Urea ၃၂၀၀၅ တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |
| သီလဝါဘက်စုံဆိပ်ကမ်းအမှတ်(၁) | PRIX | Urea ၃၀၀၀၀ တန်ချဆဲ(ပူးတွဲလုပ်ဆောင်) |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| PRIX | Urea တန်ချိန် ၃၀၀၀၀ ချရန် | OMAN | ၃၀.၁၁.၂၀၂၄ |
| HS GLORY | ဆန်တန်ချိန် ၁၀၀၀၀ တင်ရန် | INDONESIA | ၁.၁၂.၂၀၂၄ |
| PHU AN-288 | ဆန်တန်ချိန် ၄၃၅၀တင်ရန် | INDONESIA | ၁.၁၂.၂၀၂၄ |
| VTC OCEAN | ပြောင်းဖူးတန် ၂၀၀၀၀ တင်ရန် | INDIA | ၃.၁၂.၂၀၂၄ |
| J LUCKY | Steel တန်ချိန် ၉၀၀၀ချရန် | CHINA | ၁၀.၁၂.၂၀၂၄ |
| MY HUNG | ဆန်တန်ချိန် ၅၂၀၀ ချရန် | INDONESIA | ၁၁.၁၂.၂၀၂၄ |
| KENZEN | ဂျုံတန်ချိန် ၁၈၆၂၇ ချရန် | USA | ၁၂.၁၂.၂၀၂၄ |
| SEA FOREST | ပဲမျိုးစုံတန်ချိန် ၉၂၀၀ တင်ရန် | INDIA | ၁၄.၁၂.၂၀၂၄ |
| SEIYO GODDES | IRON SLAG တန်ချိန် ၁၁၀၀၀ ချရန် | JAPAN | ၁၉.၁၂.၂၀၂၄ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁၂.၂၀၂၄ |
| SITC ZHI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၁၂.၂၀၂၄ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁၂.၂၀၂၄ |
| BL PL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁၂.၂၀၂၄ |
| SITC HUMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃.၁၂.၂၀၂၄ |
| XP LUCKY | SINGAPORE | စက်မှုဆိပ်ကမ်း | ၄.၁၂.၂၀၂၄ |
| MSC ANDREA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁၂.၂၀၂၄ |
| CA[E FE;TDM | SINGAPORE | စက်မှုဆိပ်ကမ်း | ၅.၁၂.၂၀၂၄ |
| SOTC RILDE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁၂.၂၀၂၄ |
| ISEACP FPRTIME | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၁၂.၂၀၂၄ |
| SITC JUNDE | SINGAPORE | သီလဝါဆိပ်ကမ်း | ၆.၁၂.၂၀၂၄ |
| BABGKOK | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁၂.၂၀၂၄ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁၂.၂၀၂၄ |
| ASIAN ACE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇.၁၂.၂၀၂၄ |
| UNI-ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁၂.၂၀၂၄ |
| SITC SHUNDE | SINGAPORE | သီလဝါဆိပ်ကမ်း | ၇.၁၂.၂၀၂၄ |
| YONG YUE-11 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၁၂.၂၀၂၄ |

## ၁-၁၁-၂၀၂၄ မှ ၂၉-၁၁-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1375 | 23 | - | - | - | 1378 |
| | Form AANZ | 39 | 4 | - | - | - | 43 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 468 | 4 | - | - | - | 472 |
| | Form AJ | 69 | - | - | - | - | 70 |
| | Form AK | 433 | 6 | - | - | - | 439 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 16 | - | - | - | - | 16 |
| | Form E | 1233 | 33 | - | - | - | 1266 |
| | Form Korea | 53 | 1 | - | - | - | 54 |
| | E Form D | 587 | - | - | - | - | 587 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 4275 | 72 | - | - | - | 4374 |

# အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ် ရရှိသူများ၏ တာဝန်များနှင့် အခွင့်အရေးများ

မည်သူမဆို အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ် လျှောက်ထားရရှိပြီးမှ လုပ်ကိုင်ဆောင်ရွက်ရမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ-၄ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် အမိန့်ကြော်ငြာစာအမှတ်(၅၀/၂၀၂၃)ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါ နေ့မှာပင် အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃) ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်ကို ထုတ်ပြန်ခဲ့သည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းဆိုသည်မှာ ၎င်းအမိန့်အရ ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ အွန်လိုင်း (Online)စနစ်မှတစ်ဆင့် ဝန်ဆောင်မှုပေး၍ရောင်းချသည့် လုပ်ငန်းကိုဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပြီး မှတ်ပုံတင်လက်မှတ် ရရှိသူသည် ရောင်းချသော ကုန်စည် (သို့) ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ အရောင်းပြေစာ ပေးအပ်ခြင်း၊ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်နှင့် အာမခံ ချက်များပေးအပ်ခြင်း၊ ကျသင့်တန်ဖိုးနှင့် ညီမျှသည့် အရည်အသွေးပြည့်မီစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ ပေးအပ်ထားသော သတင်းအချက်အလက်(သို့) အာမခံချက်များနှင့် ကိုက်ညီ မှုမရှိခြင်းကြောင့် စားသုံးသူက ပြန်လည်အပ်နှံလိုပါက သတ်မှတ်ချက်နှင့် ပြန်လည်အပ်နှံနိုင်သည့်ကာလတို့ကို သတ်မှတ်၍ ယင်းတို့နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားစဉ်က ရောင်းချမည့် ကုန်စည်(သို့) ဝန်ဆောင်မှု တစ်ရပ်ရပ်ရောင်းချခြင်းကို ရှောင်ကြဉ်ခြင်း၊ စားသုံးသူကို မထီမဲ့မြင်ပြုသော (သို့) စားသုံးသူ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော ပြုမူပြောဆိုမှုကို ရှောင်ကြဉ်ခြင်း၊ ငွေပေးချေရန်နည်းလမ်းများနှင့် စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များပေးခြင်း၊ ကုန်စည်ပို့ဆောင်မည့် နည်းလမ်းနှင့် သတ်မှတ်ချက်များကို မရောင်းချမီ ကြိုတင်အသိပေးခြင်းနှင့် ပို့ဆောင်မည့်နည်းလမ်းများအား ရွေးချယ်ခွင့်ပေးခြင်း၊ စားသုံးသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက် (သို့)စားသုံးသူက မဖော်ပြစေလိုသော အချက်အလက်များကို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ရပ်ရပ်၏ ညွှန်ကြားချက်အရဖြစ်စေ ထုတ်ဖော်ခြင်းမှတစ်ပါး ထုတ်ဖော်ခြင်းမပြုဘဲ ထိန်းသိမ်းခြင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတစ်ဆင့် နိုင်ငံရေးကိုရည်ရွယ်၍ လည်းကောင်း၊ အများပြည်သူ၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ပျက်ပြားစေရန်ရည်ရွယ်၍ လည်းကောင်း၊ လှုံ့ဆော်ဟောပြော စည်းရုံးအားပေးမှုနှင့် ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခြင်းကိုရှောင်ကြဉ်ခြင်း၊ မှတ်ပုံတင်လက်မှတ်ကို မိမိမှတစ်ပါး အခြားသူတစ်ဦးဦးထံ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းခြင်းကိုရှောင်ကြဉ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိစွာ ရောင်းချခြင်း၊ အစားအသောက်/ဆေးဝါး/ဆေးပစ္စည်း /အလှကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ချမှတ်ထားသော စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့မှ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း စသည့်အချက်များကို လိုက်နာရန် တာဝန်ရှိမည်ဖြစ်သည်။

ဆက်လက်၍ မှတ်ပုံတင်လက်မှတ်ရရှိသူသည် စားသုံးသူ၏ နစ်နာဆုံးရှုံးမှုသည် မိမိ၏ ကုန်စည် (သို့) ဝန်ဆောင်မှုကြောင့် မဟုတ်လျှင် မိမိ၏နာမည်ကောင်းပြန်လည်ရရှိနိုင်သည့် အခွင့်အရေးရှိခြင်း၊ စားသုံးသူ၏တိုင်ကြားမှုတွင် ဥပဒေအရကာကွယ်ခုခံချေပခွင့်ရှိခြင်း၊ မိမိ၏ လုပ်ငန်းနှင့်စပ်လျဉ်း၍ တရားဝင် အရေးဆိုတင်ပြပိုင်ခွင့်ရှိခြင်း၊ ကုန်စည်(သို့)ဝန်ဆောင်မှုကို ရောင်းချရာတွင် သဘောတူညီချက်၊ တန်ဖိုးတို့နှင့်အညီ ငွေပေးချေမှုကို လက်ခံရယူပိုင်ခွင့်ရှိခြင်း၊ အွန်လိုင်း(Online) စနစ်တွင် မှတ်ပုံတင် လက်မှတ်ပါအမည်ဖြင့် ရောင်းချခွင့်ရှိခြင်း စသည့် အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း သိရှိရပြီး မှတ်ပုံတင်လက်မှတ်ရရှိသူအနေဖြင့် လိုက်နာရန် တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခွင့် အာဏာအပ်နှင်းခြင်းခံရသည့် ကုန်သွယ်ရေး ဦးစီးဌာနမှ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့်ဆိုင်းငံ့ခြင်း၊ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းစသည့် အမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်ကြောင်း အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းကို မှတ်ပုံတင် လျှောက်ထားပြီး လုပ်ကိုင်ဆောင်ရွက်သူတိုင်းသိရှိရန် လိုအပ်မည်ဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။

ဝင်းလှဲ့ဝါ (ပြည်)

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၇-၁၁-၂၀၂၄ မှ ၃-၁၂-၂၀၂၄) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 475 - 480 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 470 - 475 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 460 - 465 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 450 - 455 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 410 - 420 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 475 - 480 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 470 - 475 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 460 - 465 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 450 - 455 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 470 - 475 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 465 - 470 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 460 - 465 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 450 - 455 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 470 - 475 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 465 - 470 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 460 - 465 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 450 - 455 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 475 - 480 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 470 - 475 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 465 - 470 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 450 - 455 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 625 - 635 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 615 - 625 | |
| 24 | A-1 , 2 (Sortexed) | 380 - 395 | |
| 25 | B-1 , 2 (Sortexed) | 365 - 375 | |
| 26 | B-1,2 (Non-Sortexed) | 300 - 310 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# ကန့်ဘလူခရိုင်၏ ဒေသထွက်သီးနှံ ဈေးနှုန်း၊ ဈေးကွက်



**နှမ်း**

ယခုအခါ နှမ်းများဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိပြီး ကန့်ဘလူခရိုင်၌ ဖြစ်ပေါ်နေသော နှမ်းဈေးနှုန်းများမှာ နိုဝင်ဘာလနောက်ဆုံးပတ်တွင် နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၂၁၀၀၀၀၊ နှမ်းဖြူ (ဂျပန်)တစ်တင်းလျှင် ကျပ် ၁၄၀၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူခရိုင်မှ ထွက်ရှိသော နှမ်းများကို မန္တလေးမြို့ရှိပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**နေကြာ**

မိုးနေကြာသီးနှံကို ဇွန်လတွင်စတင်စိုက်ပျိုးပြီး စက်တင်ဘာလတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် ဆင်းရွှေကြာ-၂ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး မြေအနေအထားနှင့် အပင်ပြုစုခြင်းအပေါ် မူတည်၍ အထွက်နှုန်းများကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလနောက်ဆုံးပတ်တွင် နေကြာတစ်တင်းလျှင် ငွေကျပ် ၆၁၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် နေကြာသီးနှံများကို ကန့်ဘလူမြို့၊ ဇီးကုန်းမြို့ပေါ်ရှိ ပွဲရုံများသို့ ရောင်းချကြပြီး ပွဲရုံများမှ ရွှေဘိုမြို့၊ မန္တလေးမြို့များရှိ ပွဲရုံများနှင့် ကုန်စည်ဒိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုတစ်ပတ်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော နေကြာသီးနှံ ဈေးနှုန်းများသည် ယခင်တစ်ပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ငွေကျပ် ၉၀၀၀ ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**အစေ့ထုတ်ပြောင်း**

အစေ့ထုတ်ပြောင်းကို မေလကုန်တွင်စတင်စိုက်ပျိုးပြီး စက်တင်ဘာလဆန်းမှစ၍ ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် C.P.808 နှင့် C.P.888 မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ နိုဝင်ဘာလနောက်ဆုံးပတ်တွင် အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၂၀၅၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရွှေဘိုမြို့၊ မန္တလေးမြို့များရှိပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ အစေ့ထုတ်ပြောင်း ဈေးနှုန်းများသည် ယခင်တစ်ပတ်ထက် တစ်တင်းလျှင် ငွေကျပ် ၂၀၀၀ မြင့်တက်လာကြောင်း သိရသည်။

ဝင်းသန်း (ကျွန်းလှ)



# ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိနေသည့် မန်ကျည်း

**မြင့်မြင့်သန်း(ပခုက္ကူ)**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့သည် စိုက်ပျိုးရေးအခြေခံပြီး ဒေသထွက်ကုန်များစွာထွက်ရှိရာမှ မန်ကျည်းသီးမှည့်သည်လည်း တစ်မျိုး အပါအဝင်ဖြစ်ပြီး ပခုက္ကူဈေးကွက်တွင် နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ နိုဝင်ဘာလ စတုတ္ထပတ်တွင် မန်ကျည်းသီးမှည့် အသားများ ဈေးအမြင့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် မန်ကျည်းပင် ပေါက်ရောက်ပြီး ရာသီဥတုပူပြင်းသော မြန်မာနိုင်ငံ အထက်အညာဒေသများတွင် အများဆုံးတွေ့ရှိရသည်။ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်သည် အပူပိုင်းဒေသတွင် တည်ရှိ၍ မန်ကျည်းပင်များ နေရာဒေသအနှံ့ ပေါက်ရောက်ပြီး ဈေးကွက်သို့လည်း မန်ကျည်းသီးမှည့်များ ပေါများစွာဝင်ရောက် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ပခုက္ကူမန်ကျည်းဈေးကွက်သို့ ပခုက္ကူ မြိုင်၊ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူ မြို့နယ်များနှင့် ယောနယ်ဒေသများအပြင် အခြားမြို့နယ်များဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှလည်း ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ရာသီဥတု အနေအထားနှင့် မန်ကျည်းပင် အသီးသီးမှုအပေါ် မူတည်ပြီး နှစ်စဉ် ကုန်ချိန်ပိဿာ သိန်း(၃၀-၃၅) ပိဿာခန့် ဝင်ရောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

မန်ကျည်းပင် စိုက်ပျိုးထွက်ရှိရာ အညာဒေသများတွင် နွေရာသီ အသီးမှည့်ချိန်တွင် အစေ့ထုတ်ပြီး မန်ကျည်းအသားများ ပြုလုပ်ကာ ပွဲရုံလှောင်လက်သမားများမှ ဝယ်ယူ ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ဈေးကွက်အနေဖြင့် ယခုလက်ရှိ နိုဝင်ဘာ တတိယပတ်တွင် မန်ကျည်းသီးမှည့်ဈေး မြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက် ရှိသည်။ ဒေသတွင်း မန်ကျည်းလက်ကျန် နည်းလာ၍ မန်ကျည်းမှည့်ဈေး မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။ ယခုလက်ရှိအချိန်တွင် မန်ကျည်း စတင်သီးချိန်ဖြစ်ပြီး ဆောင်းအကုန် နွေအကူး ဖေဖော်ဝါရီလကုန်ခန့်တွင် မန်ကျည်းသီးမှည့်များ ဈေးကွက်သို့ အများအပြား ဝင်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

ယခုလက်ရှိ ပခုက္ကူ မန်ကျည်းဈေးကွက်၌ နိုဝင်ဘာလဆန်းမှစ၍ မန်ကျည်းဈေးနှုန်း မြင့်တက်၍ အရောင်းအဝယ်ဖြစ်ခဲ့ရာ နိုဝင်ဘာ ပထမပတ်တွင် မန်ကျည်းအသား လက်ကားဈေး တစ်ပိဿာ ကျပ် ၆၅၀၀၊ လက်လီဈေး ကျပ် ၈၀၀၀၊ မန်ကျည်းအစေ့ပါ လက်ကား တစ်ပိဿာ ကျပ် ၂၅၀၀၊ လက်လီဈေး တစ်ပိဿာလျှင် ကျပ် ၃၅၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဒေသတွင်း မန်ကျည်းလက်ကျန်နည်းချိန်ဖြစ်ပြီး ဒေသတွင်းသုံးစွဲမှုအပြင် ပြည်ပနိုင်ငံများမှ မန်ကျည်းသီးနှင့် အသားများ ဝယ်ယူမှုများ၍ ဈေးနှုန်း ဆက်လက်မြင့်တက်ခဲ့ရာ မန်ကျည်းသီးမှည့်အသား လက်ကား တစ်ပိဿာ ကျပ် ၁၆၀၀၀၊ လက်လီ တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀၊ မန်ကျည်းအစေ့ပါ လက်ကားတစ်ပိဿာ ကျပ်၅၀၀၀၊ လက်ကား တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်လအတွင်း မန်ကျည်းတစ်ပိဿာ ကျပ် ၁၀၀၀၀ ခန့် ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်ခဲ့သည်။

နှစ်အလိုက် ကာလတူ ဈေးနှုန်းနှိုင်းယှဉ်ပါက ယခင်နှစ် ကာလတူက မန်ကျည်းဈေးကွက်အနေဖြင့် မန်ကျည်းသား တစ်ပိဿာလျှင် ကျပ် ၃၀၀၀-၃၅၀၀၊ မန်ကျည်းအစေ့ပါ တစ်ပိဿာလျှင် ကျပ် ၁၅၀၀-၁၇၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်ခဲ့၍ ယခုနှစ်တွင် မန်ကျည်းသီး တစ်ပိဿာ ကျပ် ၁၅၀၀၀ ခန့် ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရသည်။

ပခုက္ကူပွဲရုံဈေးကွက်သို့ ဝင်ရောက်လာသည့် မန်ကျည်းသီးမှည့်များကို ဒေသတွင်း စားသောက်ကုန်မျိုးစုံ ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် စားသုံးပြည်သူများသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ပခုက္ကူမန်ကျည်းပွဲစားများမှ ရန်ကုန်၊ မန္တလေးမြို့များသို့လည်း တင်ပို့လျက်ရှိသည်။ ထိုမှတစ်ဆင့် ပြည်ပနိုင်ငံ၊ ထိုင်း၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး စင်ကာပူနှင့် ပါကစ္စတန်နိုင်ငံများသို့လည်း ရေလမ်းမှ ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိကြောင်း မန်ကျည်းသီးအပြင် မန်ကျည်းစေ့များကိုလည်း တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

မန်ကျည်း ဈေးကွက်အနေ ဖြင့် ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပနိုင်ငံများမှ ဝယ်ယူမှုရှိ၍ ယခုနှစ် မန်ကျည်းရာသီ ကုန်ချိန်တွင် ပြည်တွင်း မန်ကျည်းဈေးကွက် မြင့်တက်လာကြောင်း သိရသည်။

မန်ကျည်းပင်သည် အမြဲစိမ်းလန်းပြီး အပင်ကြီးတစ်မျိုးဖြစ်၍ အရိပ်အာဝါသကောင်းမွန်သော ဆေးဖက်ဝင်အပင်ဖြစ်သည်။ မန်ကျည်းပင်မှ ရရှိသော မန်ကျည်းသီးများကို ကုန်ကြမ်းမှတစ်ဆင့် တန်ဖိုးမြှင့် ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်ရောင်းချလျက်ရှိသည်။ မန်ကျည်းစိုက်ပျိုးသူများအနေဖြင့်လည်း ကုန်ကျစရိတ်နည်းပါးပြီး နှစ်စဉ် ဝင်ငွေရရှိခြင်းနှင့် မန်ကျည်းဈေးကွက် ခိုင်မာမှုရှိခြင်းကြောင့် ပိုမိုစိုက်ပျိုးသင့်ကြောင်း ရေးသားလိုက်ရပါသည်။

■

## ရောဝတီတိုင်းဒေသကြီးမှ မတ်ပဲဈေးကွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နှစ်စဉ် လက်ယာထွက်ကုန်သီးနှံအမယ်ပေါင်း ၆၀ ကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ပြည်တွင်းစားသုံးရန်နှင့် ပြည်ပသို့ တင်ပို့ရန် တစ်နိုင်ငံလုံးအနေဖြင့် ပဲမျိုးစုံစိုက်ဧက ၂၁ ရာခိုင်နှုန်းကျော်ရှိပြီး ပဲမျိုးစုံ ၁၉ မျိုး စိုက်ပျိုးလျက်ရှိရာ ပြည်ပဈေးကွက်ဝင် မတ်ပဲ၊ ပဲတီစိမ်း စိုက်ဧကမှာ ပဲစိုက်ပျိုးထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း၊ ပဲအမျိုးမျိုး စိုက်ပျိုးလျက်ရှိသော်လည်း ဈေးကွက်တွင် အများဆုံးစားသုံးလျက်ရှိသော ကုလားပဲ၊ ပဲစင်းငုံ၊ ပဲပုပ်၊ စားတော်ပဲ၊ မြေပဲ၊ ထောပတ်ပဲ၊ ပဲကြီး၊ ဗိုလ်ကိတ်ပဲ၊ ပဲနီလေး၊ ပဲဝါလေး၊ ပဲလွန်း၊ ပဲကတ္တီပါ၊ မြေထောက်ပဲတို့မှာ ပြည်တွင်း ဈေးကွက်တွင် အရောင်းအဝယ် သွက်လျက်ရှိပြီး ပြည်ပသို့ အဓိကတင်ပို့နေသော မတ်ပဲကို စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးရာသီ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မိုးစပါးရိတ်သိမ်းပြီးချိန် ဆောင်းရာသီတွင် သီးထပ်သီးနှံအဖြစ် စိုက်ပျိုးလျက်ရှိသည်။ မတ်ပဲစိုက်ပျိုးဧရိယာ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ အောက်မြန်မာပြည်တွင် စိုက်ပျိုးလျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာလည်း မြို့နယ်အားလုံးနီးပါး မတ်ပဲစိုက်ဧက ၉၉၉၄၂၆ ဧက ကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြန်မာ့လယ်ယာထွက်ကုန်ကဏ္ဍတွင် ပြည်ပဈေးကွက်အတွက် ဆန်စပါးပြီးလျှင် ပဲမျိုးစုံသီးနှံမှာ ဒုတိယအများဆုံး တင်ပို့လျက်ရှိပြီး မတ်ပဲကို ပြည်တွင်း၌ ပဲပင်ပေါက်၊ ပဲဟင်း၊ ဗယာကြော်၊ ပါပရာ၊ တိုရှည်၊ ပဲမုန့်တို့ပြုလုပ်ကာ အနည်းငယ်သာ စားသုံးမှုရှိပြီး အများအားဖြင့် ပြည်ပဈေးကွက်အတွက် စိုက်ပျိုးထုတ်လုပ်လျက်တောင်သူများ အကျိုးအမြတ်များစွာရရှိနေသော ဈေးကွက်ဝင်သီးနှံဖြစ်သည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့လျက်ရှိသော မတ်ပဲမှာ နိုင်ငံအတွင်း စိုက်ပျိုးလျက်ရှိသော သီးနှံများတွင် ပဉ္စမမြောက် စိုက်ဧရိယာအများဆုံး သီးနှံဖြစ်သည့်အပြင် တန်ချိန်အရသော် လည်းကောင်း၊ တန်ဖိုးအရသော်လည်းကောင်း အများဆုံးတင်ပို့သော သီးနှံဖြစ်ပြီး မတ်ပဲကို ဧရာဝတီ၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိသည်။ စုစုပေါင်းစိုက်ဧက ၂ ဒသမ ၂၉ သန်းမှ အထွက်တင်း ၄၁ သန်း တန်ချိန်အားဖြင့် ၁ ဒသမ ၃၄ သန်းတို့ထွက်ရှိပြီး မြန်မာမတ်ပဲ ပြည်ပသို့ တင်ပို့မှုမှာ နှစ်စဉ် တန်ချိန် ၄ ဒသမ ၆ သိန်းမှ ၆ ဒသမ ၇ သိန်းအထိရှိပြီး အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်ပပို့ကုန် မတ်ပဲဈေးနှုန်းမှာ အောက်တိုဘာလအတွင်း တစ်တင်း ကျပ် ၁၂၅၀၀ ဈေးရှိသော်လည်း ယခုနိုဝင်ဘာလတွင် မတ်ပဲ တစ်တင်း ကျပ် ၁၁၆၅၀၀ ဈေးဖြစ်ခဲ့ပြီး ယခင်လနှင့် နှိုင်းယှဉ်ပါက မတ်ပဲတစ်တင်း ကျပ် ၅၀၀၀ ဈေးနှုန်းကျဆင်းမှုရှိပြီး ဧရာဝတီတိုင်းဒေသကြီးမှ နှစ်စဉ် မတ်ပဲတင်း သိန်း ၉၀ ဝန်းကျင်ထွက်ရှိကာ ရန်ကုန်မြို့သို့ အဓိကပေးပို့ရောင်းချလျက် ရန်ကုန်မြို့မှတစ်ဆင့် ကုန်ချောပြုလုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး(ပသ)**



# ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံမှု ရရှိစေနိုင်မည်

ပဲခူးတိုင်းဒေသကြီးအတွင်းတွင် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ သီးနှံများကို စိုက်ပျိုးကြသည်။ မြေပဲကို မိုး၊ ဆောင်း စိုက်ပျိုးကြပြီး နှမ်းကို နွေ၊ မိုး၊ ဆောင်းနှင့် နေကြာကို မိုး၊ ဆောင်း စိုက်ပျိုးကြသဖြင့် တစ်နှစ်ပတ်လုံး ဆီထွက်သီးနှံများကို စိုက်ပျိုးကြသည်။ ပြည်ခရိုင်အနေဖြင့် ဆီထွက်သီးနှံဖြစ်သော မြေပဲနှင့် နှမ်းကိုသာ ဦးစားပေးစိုက်ပျိုးပြီး နေကြာကို သီးညှပ်အနေဖြင့်သာ စိုက်ပျိုးကြောင်း သိရသည်။ ဆီထွက်သီးနှံများ စိုက်ပျိုးရခြင်းမှာ ပြည်တွင်း စားသုံးဆီဖူလုံရန်အတွက်ဖြစ်ပြီး ယခင်နှစ်များက ဆီထွက်သီးနှံများမှာ ရာသီဥတုဒဏ်ကို ခံရခြင်းမရှိ၍ အထွက်နှုန်း ကောင်းသော်လည်း ယခုနှစ်များအတွက် ဆီထွက်သီးနှံများ စိုက်ပျိုးချိန်တွင် ရာသီဥတုဒဏ်ခံရပြီး ရေကြီးနစ်မြုပ်မှုများရှိ၍ အထွက်နှုန်း နည်းသွားကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်း စားသုံးဆီဖူလုံမှု ရှိစေရေးအတွက် နှမ်းနှင့် မြေပဲများကို အရည်အသွေးကောင်းသော မျိုးနည်းစနစ်မှန်ကန်စွာ စိုက်ပျိုးမြေကောင်းမွန်ခြင်း၊ ရေသွင်းရေထုတ်ကောင်းမွန်ခြင်းတို့အပေါ် မူတည်၍ စိုက်ပျိုးနိုင်မည်ဆိုလျှင် အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းသည့် ဆီထွက်သီးနှံများစွာ ရရှိနိုင်မည်ဖြစ်သည်။

ပြည်ခရိုင်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြေပဲစုစုပေါင်းစိုက်ဧကမှာ ၇၇၃၁၅ဧက၊ နှမ်းစုစုပေါင်း စိုက်ဧကမှာ ၇၇၆၃၅ ဧကနှင့် နေကြာစုစုပေါင်း စိုက်ဧကမှာ ၂၅၆ ဧကရှိသည်။ ပျမ်းမျှအထွက်နှုန်းများအနေဖြင့် မြေပဲမှာ တစ်ဧကလျှင် ၆၂ တင်းကျော်၊ နှမ်းတစ်ဧကလျှင် ၁၅ တင်းနှင့် နေကြာတစ်ဧကလျှင် ၁၁ တင်း ထွက်ရှိကြောင်း သိရသည်။ ဆီထွက်သီးနှံ ထွက်ရှိမှုအခြေအနေအရ ဆီဖူလုံမှု ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဆီထွက်သီးနှံများအား တိုးချဲ့ စိုက်ပျိုးနိုင်မည်ဆိုလျှင် ပြည်တွင်းစားသုံးဆီဖူလုံမည်ဖြစ်သည့်အပြင် သီးနှံများကိုလည်း ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်သည်။ စားသုံးဆီဖူလုံစေရန်နှင့် စားသုံးသူ ပြည်သူများအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးကင်းလုံခြုံစွာ စားသုံးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် စားသုံးဆီများကို ဈေးကွက်အတွင်း ပေါများစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် ဆီထွက်သီးနှံများကို နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးကြရန်ဖြစ်ပြီး အထွက်နှုန်း ကောင်းမွန်စေရန်အတွက် စိုက်ပျိုးရေးသွင်းအားစုများကို စနစ်တကျ သုံးစွဲကြရန် ရောဂါပိုးမွှားများ မကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းခြင်း နည်းပညာများကို လိုအပ်သည်။ သို့မှသာ ဆီထွက်သီးနှံများ များစွာအထွက်နှုန်းရရှိမှာဖြစ်ပြီး မိမိတို့ ဒေသအတွင်း စားနပ်ရိက္ခာဖူလုံ၍ ပြည်တွင်းစားသုံးရန် ဆီများလည်း ဖူလုံလာနိုင်မည်ဖြစ်သည်။

စားသုံးသူပြည်သူများအနေဖြင့် ဘေးကင်းလုံခြုံစိတ်ချစွာ စားသောက်နိုင်ရေးအတွက် ဆီစက်များအား အဆင့်မြှင့်တင်၍ ဆီကြိတ်နိုင်ရန်အတွက် ဆီစက်များမှာလည်း ကြံ့ခိုင်မှုရှိရန် လိုအပ်သည်။ နှမ်းနှင့် မြေပဲများကို ဆီကြိတ်လျှင် ဆီထွက်ရှိမှုအပြင် မြေပဲဖတ်၊ နှမ်းဖတ်များလည်း ရရှိသဖြင့် တိရစ္ဆာန်အစာအတွက်လည်း ဖူလုံနိုင်မည်ဖြစ်သည်။

မြေပဲဆန် တစ်တင်းကို ဆီကြိတ်လျှင် ဆီနှစ်ပိဿာထွက်ရှိပြီး မြေပဲဖတ် ရှစ်ပိဿာကျော် ထွက်ရှိသည်။ နှမ်းတစ်တင်း ဆီကြိတ်လျှင် ဆီခြောက်ပိဿာထွက်ရှိပြီး နှမ်းဖတ်ခြောက် ပိဿာထွက်ရှိပြီး နေကြာတစ်တင်းဆီကြိတ်လျှင် ဆီ ၂ ဒသမ ၅ ပိဿာ၊ နေကြာဖတ် ငါးပိဿာခန့်ထွက်ရှိကြောင်း သိရ သည်။

ထို့ကြောင့် စားသုံးဆီများပိုလျှံရန်အတွက် ဆီထွက်သီးနှံများကို နွေ၊ မိုး၊ ဆောင်း တိုးချဲ့စိုက်ပျိုးရန် လိုအပ်သည်။ တောင်သူများ အတွက်လည်း မိမိတို့စိုက်ပျိုးထားသောသီးနှံများ အောင်မြင်ဖြစ်ထွန်းနိုင်ရေးအတွက် မိုးရေကိုသာ မျှော်ကိုး၍ သမားရိုးကျ စိုက်ပျိုးကြမည်ဆိုလျှင် သီးနှံများရည်မှန်းသလောက်ရရှိနိုင်မည်မဟုတ်ဘဲ ရာသီဥတုနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်မည်ဆိုလျှင် အထွက်နှုန်းများတိုးပြီး လူနေမှုဘဝများလည်း မြင့်တက်လာမည်ဖြစ်သည်။

**ဝေဝေမင်း (ပြည်)**



# ကိုရီးယား - မြန်မာ စက်မှုဇုန်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ စတင်နေ

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ဧရိယာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်(၃)ရှိ မြေဧရိယာ ၅၅၅ ဒသမ ၈၁ ဧကပေါ်တွင် အကောင်အထည်ဖော်လျက်ရှိသည့် ကိုရီးယား-မြန်မာစက်မှုဇုန် ပြင်ပအခြေခံအဆောက်အအုံ စီမံကိန်းများ တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

လက်ရှိတွင် ကိုရီးယား-မြန်မာစက်မှုဇုန်အတွက် လိုအပ်သည့် စီမံကိန်းပြင်ပအခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ပြင်ဆင်လျက်ရှိနေပြီး ယင်းစီမံကိန်းအတွင်းရှိ ပြင်ပ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၌ ရေသွယ်ယူခြင်း၊ လမ်းချဲ့ထွင်အဆင့်မြှင့်တင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းများ ပါဝင်လျက်ရှိသည်။

အဆိုပါစီမံကိန်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကိုရီးယားထုတ်ကုန်၊ သွင်းကုန်ဘဏ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေခေါင်းစဉ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၈၁၆ သန်း ရယူကာ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း သိရသည်။

ကိုရီးယား-မြန်မာစက်မှုဇုန် ပြင်ပအခြေခံ အဆောက်အအုံ စီမံကိန်းများသည် လှည်းကူးမြို့နယ် မှော်ဘီမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့နှင့် ထိစပ်လျက်ရှိကြောင်း သိရသည်။ **ကိုတိုး**




# ACMECS ခရီးသွားလုပ်ငန်း ချိတ်ဆက်မှု မြှင့်တင်ရန် ငါးနိုင်ငံခရီးစဉ်တစ်ခု အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည်

ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMEC)၏ ခရီးသွားလုပ်ငန်းချိတ်ဆက်မှု မြှင့်တင်ရန် ငါးနိုင်ငံ ခရီးစဉ်တစ်ခုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

( ၆) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ၏ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၂၈ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လက်ခံကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း ဝန်ကြီးများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးမှ အကြံပြုချက်များကို အကောင်အထည်ဖော်ရန်၊ ACMECS ခရီးသွားလုပ်ငန်း ချိတ်ဆက်မှု မြှင့်တင်ရန် ငါးနိုင်ငံ ခရီးစဉ်တစ်ခုသည် အဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်ကာ ပိုမို ရေရှည်တည်တံ့ခိုင်မြဲမည့် အသိုက်အဝန်းကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်များအား ပြောကြားခဲ့သည်။

ACMECS ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး စီမံချက်ကို အဆင့်မြှင့်တင်ရာတွင် (၁) ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ဈေးကွက်ချဲ့ထွင်ခြင်း၊ (၂) ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ (၃) ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းဖလှယ်ခြင်း၊ (၄) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ (၅) ခရီးသွားလုပ်ငန်း၊ ထုတ်ကုန်များ ချိတ်ဆက်မှုနှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်ပတ်သက်မှု၊ (၆)အဖွဲ့အစည်းဆိုင်ရာ မူဘောင်များ ချမှတ်ရာတွင် ဖြစ်နိုင်ခြေကို ထည့်သွင်းစဉ်းစားရန်တို့ ပါဝင်သည်။

ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ကို ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ စတင်ဖွဲ့စည်းခြင်းဖြစ်ပြီး လက်ရှိတွင် အဖွဲ့ဝင်ငါးနိုင်ငံက အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို လေးနှစ်တစ်ကြိမ် တာဝန်ထမ်းဆောင်လျက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။ **ကိုတိုး**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာ ၂၁ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၆၆၃ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ နိုဝင်ဘာ ၂၇ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၆၄၇ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း နိုဝင်ဘာ ၂၁ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၆၂၀၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ နိုဝင်ဘာ ၂၇ ရက်တွင် ကျပ် ၆၁၈၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD 64.75 ဘီလီယံ ရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရှိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် USD 66.05 ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD 67.37 ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။

နိုဝင်ဘာ ၂၁ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ ရက်အလိုက်ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၁-၁၁-၂၀၂၄ | ၂၂-၁၁-၂၀၂၄ | ၂၆-၁၁-၂၀၂၄ | ၂၇-၁၁-၂၀၂၄ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၄.၆၁၃ | ၃၄.၅၅၁ | ၃၄.၇၆၂ | ၃၄.၅၆၈ | -၀.၁၃ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၄၂ | ၁.၃၄၅ | ၁.၃၄၉ | ၁.၃၄၃ | ၀.၀၇ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၄၆၀ | ၄.၄၆၂ | ၄.၄၆၈ | ၄.၄၃၉ | -၀.၄၇ | ⬇ |
| ၅ | Indonesian Rupiah | IDR | ၁၅၉၂၁ | ၁၅၈၇၃ | ၁၅၉၃၃ | ၁၅၉၃၃ | ၀.၀၇ | ⬆ |
| ၆ | Chinese Yuan | CNY | ၇.၂၃၇ | ၇.၂၄၇ | ၇.၂၅၉ | ၇.၂၅၀ | ၀.၁၈ | ⬆ |
| ၇ | Indian Rupee | INR | ၈၄.၄၇၃ | ၈၄.၄၇၃ | ၈၄.၂၇၀ | ၈၄.၄၀၅ | -၀.၀၈ | ⬇ |
| ၈ | Japanese Yen | JPY | ၁၅၄.၃၉၅ | ၁၅၄.၄၇၅ | ၁၅၃.၈၆၉ | ၁၅၁.၆၅၅ | -၁.၇၇ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၅၃၄ | ၁.၅၃၆ | ၁.၅၄၄ | ၁.၅၄၁ | ၀.၄၆ | ⬆ |
| ၁၀ | Euro | EUR | ၀.၉၄၉ | ၀.၉၅၆ | ၀.၉၅၄ | ၀.၉၅၀ | ၀.၁၁ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၉၁ | ၀.၇၉၆ | ၀.၇၉၇ | ၀.၇၉၃ | ၀.၂၅ | ⬆ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လို အားပြောင်းလဲမှုပေါ်လိုက်၍ နိုဝင်ဘာ ၂၁ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ ရက်သတ္တပတ်အတွင်း ၄၄၉၀- ၄၅၀၀ ကျပ်ကြား ရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန် ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၉ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၅ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၁ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၆ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၁ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၂ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၄ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၉ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ ဖြင့် လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်းနှင့် ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅ ဒေါ်လာမှ ၇ ဒေါ်လာ သို့ပြန်လည်မြင့်တက်လာကာ အလားတူ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂ ဒေါ်လာမှ ၄ ဒေါ်လာ အသီးသီးမြင့်တက်ပြီး ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ပဆန်ဈေးကွက် သတင်းအနေဖြင့် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ဆန်မက်ထရစ်တန်ချိန် ၅ ဒသမ ၁ သန်းအထိ တင်သွင်းရဖွယ်ရှိပြီး အစောပိုင်းတွင် ထုတ်ပြန်ခဲ့သည့် ခန့်မှန်း ဆန်တန်ချိန် ၄ ဒသမ ၉ သန်းထက် သုည ဒသမ ၂ သန်း ပိုမိုလိမ့်မည်ဟု အမေရိကန် စိုက်ပျိုးရေးဦးစီးဌာန (USDA) လက်အောက်ရှိ နိုင်ငံခြားစိုက်ပျိုးရေးဝန်ဆောင်မှုဌာန (FAS) က ပြောကြားခဲ့ကြောင်း သိရှိရသည်။ အဆိုပါ FAS ဌာန၏ နောက်ဆုံးထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ဖိလစ်ပိုင်နိုင်ငံ၏ လူဦးရေတိုးပွားမှုနှင့် သွင်းကုန်ခွန်များ လျှော့ချမှုတို့အရ ယခင်ခန့်မှန်းထားသည့် ဆန်တန်ချိန်ထက် ပိုမိုတင်သွင်းမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဖိလစ်ပိုင်အနေဖြင့် ဆန်တင်သွင်းမှု၏ ၈၀ ရာခိုင်နှုန်းကျော်ကို ဗီယက်နမ်နိုင်ငံထံမှ အဓိကရယူတင်သွင်းခဲ့ကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ဆန်စပါးထုတ်လုပ်မှု အနည်းငယ်ကျဆင်းခဲ့သော်လည်း အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံထံမှ တင်သွင်းရယူလျက် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့အပါအဝင် အဓိက ဆန်တင်သွင်းသည့်နိုင်ငံများ၏ ဝယ်လိုအားကို ပြည့်မီအောင် ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုမှာ တန်ချိန် ၈ဒသမ ၉ သန်းသို့ စံချိန်တင်ရောက်ရှိနိုင်ကြောင်း၊ ကမ္ဘာ့ဆန်ဈေးကွက်သို့ အိန္ဒိယနိုင်ငံမှ ဆန်များ ပြန်လည်ဝင်ရောက်လာခြင်းကြောင့် အာရှဒေသရှိ ဆန်တင်ပို့သူများအပေါ် ဈေးနှုန်းများကို ကျဆင်းစေသည့် ဖိအားအဖြစ် သက်ရောက်ခဲ့သော်လည်း ဗီယက်နမ်နိုင်ငံသည် အဓိက ဆန်တင်ပို့သူအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရှိရသည်။ ဖိလစ်ပိုင်နိုင်ငံအတွက် ဗီယက်နမ်ဆန်သည် ထောက်ပံ့ပို့ဆောင်ရေး ထိရောက်မှု၊ အပြိုင်အဆိုင် ဈေးနှုန်းများကြောင့် ဆွဲဆောင်မှုတစ်ခု အဖြစ်ရှိနေပြီး ပြည်တွင်း၌ ပရီမီယံဆန်မျိုးများ ဝယ်လိုအားမြင့်တက်လာသည်ဟု FAS ဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ မကြာမီကာလအတွင်း ဖိလစ်ပိုင်နိုင်ငံသည် ဗီယက်နမ်ဆန်ကို စွဲမြဲစွာဝယ်ယူသည့် နိုင်ငံဖြစ်လာမည့် အလားအလာရှိကြောင်း သိရှိ ရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၂၂ ရက်နေ့အထိ (ယာယီ) စာရင်းများအရ မြန်မာနိုင်ငံမှလည်း ဖိလစ်ပိုင်နိုင်ငံသို့ ဆန်၊ဆန်ကွဲ တန်ချိန် ၁၃၉၁၅၀၊ အမေရိကန်ဒေါ်လာ ၆၇ သန်းခန့် တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၏ ဆန်ဈေးကွက်(လက်ကားဈေး)တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ မှ ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ မှ ၁၅၀၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန်ဆန်နှင့် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၇၁၀၀၀ မှ ၇၃၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်၊ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၈၉၅၂၅၆ ဒသမ ၉၂၇ ကျော် ပိုမိုခဲ့ပြီး ယခုတစ်ပတ်တွင် ဧည့်မထဆန်၊ ပေါင်းဆန်နှင့် ပေါ်ဆန်းဆန် အမျိုးအစားတို့ တင်ပို့ခဲ့ပြီး ဆန်အမျိုးအစားများ၏ ပြည်ပပို့ကုန် ဆန်ဈေးနှုန်းတွင်လည်း ယခင်နှစ်ကာလတူ နိုဝင်ဘာလ နောက်ဆုံးပတ်ထက် ၂ ရာခိုင်နှုန်းခန့် ပိုမိုရရှိသဖြင့် ဆန်နှင့်ဆန်ကွဲ တင်ပို့မှုမှာ တန်ဖိုးအားဖြင့် ကာလတူထက် အမေရိကန်ဒေါ်လာ ၄၂၀ သန်းကျော် ပိုမိုရရှိသည်။



မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချောတစ်အိတ်လျှင် ၂၇၃ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၆၂၉ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း အနေဖြင့် တစ်ဘတ်လျှင် ၁၂၉ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် လွိုင်ကော်မြို့တွင် ကျပ် ၆၀၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပြည်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၃၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၃၃ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရှိရသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်၊ အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်၊ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် ဖင်လန်နိုင်ငံသည် ယခုတစ်ပတ်တွင် ၉ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံ ဖြစ်ခဲ့ပြီး ကနေဒါနိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဩစတြေးလျနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်းနှင့် Estonia နိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၅ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် နိုဝင်ဘာ ၂၅ ရက် ဖော်ပြချက်၌ မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ဂျပန်၊ ပါကစ္စတန်၊ ဒိန်းမတ်၊ ကင်ညာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၇ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီ ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အမေရိကန်၊ ပိုလန်၊ ဆွီဒင်နှင့် ဆွစ်ဇာလန် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၇၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီ ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၉၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် ဖင်လန်နိုင်ငံသည် ယခုတစ်ပတ်တွင် ၁၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံများ ဖြစ်ခဲ့ပြီး တူရကီ (တူကီယဲ)နိုင်ငံတွင် ၃ ဒသမ ၀၀ ရာခိုင်နှုန်း၊ မက်ဆီဒိုးနီးယားနှင့် နယ်သာလန်နိုင်ငံတို့တွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၄ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ ဒိန်းမတ်၊ အီဂျစ်၊ အီတလီ၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၁ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဆွစ်ဇာလန်၊ ပိုလန်နှင့် ဆွီဒင် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၃၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၂၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၅ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း ကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာ တွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၀၁ | ၀.၈၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၇ | ၀.၈၅ |
| ၃ | ထိုင်း | လီတာ | ၁.၃၃ | ၀.၉၅ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၃ | ၀.၇၄ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၄ | ၁.၈၄ |
| ၆ | မလေးရှား | လီတာ | ၀.၄၆ | ၀.၆၆ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၂ | ၀.၉၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၁ | ၀.၉၃ |
| ၉ | လာအို | လီတာ | ၁.၃၆ | ၀.၉၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၁ | ၀.၉၈ |
| ၂ | ဂျပန် | လီတာ | ၁.၁၃ | ၁.၀၀ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၀ | ၁.၀၇ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ နိုဝင်ဘာ ၂၈ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၉၅၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၃၁၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၆၂၀ နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၃၂၅၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၄၁၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၉၅၀၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၈၆၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၃၃၀ ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၁၅၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၆၂၀၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၁၆၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၆၃၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိမြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၅၀ နှင့် ဒီဇယ် တစ်လီတာလျှင် ၅၅ ကျပ် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်

**ဘိလပ်မြေ**

မော်လမြိုင်မြို့၌ နိုဝင်ဘာလစတုတ္ထပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း သိရှိရသည်။ ဈေးကွက်တွင်း အရောင်းအဝယ် ပုံမှန်ဖြစ်နေသော ဈေးမှာ ယခုတစ်ပတ်တွင် ကြံ့နစ်ကောင်(အနီ) ကျပ် ၁၅၅၀၀၊ ကြံ့တံဆိပ် (အပြာ) ကျပ် ၁၃၅၀၀၊ ကြံ့တံဆိပ်(အဝါ) ကျပ် ၁၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ် ပုံမှန်ရှိနေကာ ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။

**ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး**

နိုဝင်ဘာလစတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၆၂၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါတစ်အိတ်လျှင် ကျပ် ၁၆၈၀၀၀၊ ကွန်ပေါင်း (Thai Grow How) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၂၂၀၀၀၀၊ ပုလဲ(အသေး) ၄၆% မြန်မာ (MPE) 50kg ပါ တစ်အိတ်လျှင် ကျပ် ၇၂၀၀၀၊ ပုလဲ(အကြီး) ၄၆% ထိုင်း(မြင်းပျံ) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ပုလဲအသေး တစ်ရုပ် (ရွှေတောင်) 50kg ပါတစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ ပိုတက် (အာမို) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ပိုသတ်ဆေး အမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်းလျှင် ကျပ် ၅၆၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀%(သီးရွက်စုံ) 500cc တစ်ပုလင်းလျှင် ကျပ် ၂၀၅၀၀၊ အဆီဖိတ်(ခရူ)မြန်မာ့ဩဘာ 500g တစ်ထုပ်လျှင် ကျပ် ၃၈၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရှိရသည်။

**ရော်ဘာ**

မွန်ပြည်နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရော်ဘာစိုက်ဧက ၅၀၆၃၇၅၊ အစေးလှီးဧက ၃၇၁၉၆၄ ဧက၊ အထွက်စုစုပေါင်း နိုဝင်ဘာလလယ်တွင် ပေါင် ၁၀၁၆၅၆၆၈၀ ရှိကြောင်း သိရှိရသည်။ မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ် စဉ် အရောင်းအဝယ် ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 တစ်ပေါင်လျှင် ကျပ် ၃၅၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ်၃၃၀၀ ရှိခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်ထိ ဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၂၉၅၀၊ RSS-5 တစ်ပေါင်လျှင် ကျပ်၂၇၀၀ ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ်၅၀ ခန့် ဈေးနှုန်းကျဆင်းလာပြီး ယခင် နှစ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ်၁၃၀၀ခန့် ဈေးနှုန်းတက်လာခဲ့သည်။

မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ (50)kg ပါ တစ်ထုပ်လျှင် ကျပ် ၂၆၀၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၅၂၀၀၀ ဖြင့်လည်းကောင်း မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ သယ်ယူခနှုန်းထားမှာ (50)kg ပါတစ်ထုပ်လျှင် ကျပ် ၄၀၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၈၀၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ကုန်သည်များထံမှသိရှိရသည်။

**အောင်မြင့်မြတ်(မွန်)**

# မြန်မာ့လယ်ယာထွက်ကုန် ပဲမျိုးစုံသီးနှံများနှင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေချင်

**ခင်မေဝင်း (MDY DOCA)**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအဓိက ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် လယ်ယာထွက်ကုန် သီးနှံများသာမက ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံမြေများမှ ထွက်ရှိသည့် သီးနှံများမှာ အလွန်များပြားပြီး တစ်နှစ်ပတ်လုံး ရာသီနှင့်ကိုက်ညီသည့် ဆန်၊ စပါး၊ ပဲပြောင်း၊ ငရုတ်၊ သခွား အစရှိသည့် သစ်သီးဝလံများပါ နေ့စဉ် စိုက်ပျိုးထွက်ရှိလျက်ရှိသည်။

တောင်သူများအဓိက စိုက်ပျိုးကြသည့် စပါးသာမက ဂျုံ၊ မြေပဲနှင့် ပဲမျိုးစုံများဖြစ်ကြသည့် မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ မြေထောက်ပဲ၊ စားတော်ပဲ၊ ထောပတ်ပဲ၊ ပဲလွန်းဖြူ ပဲပုပ်၊ ပဲယင်း၊ ပဲတီစ္စေဝါ၊ စွန်တာနီ၊ စွန်တာပြာ၊ ဗိုလ်ကိတ်ပဲ၊ နှမ်း(နီ/ညို/နက်)၊ နှမ်းဖြူ၊ နှမ်းကျား၊ ပန်းနှမ်း၊ မြေပဲ၊ ပြောင်းဖူး၊ နေကြာများကို နွေ၊ မိုး၊ ဆောင်း ရာသီ အလိုက် မိမိဒေသနှင့် ကိုက်ညီသည့်သီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြသည်။ ထိုသို့ စိုက်ပျိုးချိန်တွင် ရာသီဥတုနှင့် ပိုးမွှားများကြောင့် အရည်သွေး ကျဆင်းမှုနှင့် ကြုံတွေ့ရသည့် နှစ်များလည်း ရှိကြသည်။ စိုက်ပျိုးပြီးသည့် အချိန်နှင့် ထွက်ရှိသည့် အချိန်အထိ ပဲများသည် ငါးပိနှင့်လောက် ဆိုသကဲ့သို့ ပဲနှင့်ပိုး၊ ပိုးနှင့်ပဲသည် အမြဲယှဉ်တွဲနေသည့် သဘောရှိသည့် အလျောက် ပဲပိုးဝင်ရောက်ပြီဆိုလျှင် သတ်မှတ်ထားသည့် ဆေးညွှန်းအတိုင်း ပက်ဖျန်းပေးခြင်း၊ ထွက်ရှိသည့် ပဲများကိုလည်း ဖြုံလွှာ ပလတ်စတစ်များဖုံးအုပ်ပြီး မီးခိုးမှိုင်းတိုက်သွင်းပေးခြင်းများ ပြုလုပ်ကြသည်။ ရာသီဥတုကြောင့်ဖြစ်ပေါ်သည့် မှိုရောဂါဖြစ်ရသည့်သဘောကို ယခင်နှစ်ပေါင်းများစွာက တောင်သူများနှင့် ကုန်သည်ပွဲစားတချို့ မသိကြ၍ ပျက်စီးတတ်သည်ကိုလည်း တွေ့ရသည်။ ပိုးမွှားများကြောင့် အရည်အသွေး မကျဆင်းစေရေး စိုက်ပျိုးရေးနှင့် သုတေသန နည်းပညာဌာနမှ လက်ကမ်းစာစောင်များ၊ သတင်း/ဂျာနယ်များတွင် ဖော်ပြခြင်း၊ သင်တန်းများပေးခြင်းတို့ကြောင့် နားလည်သဘောပေါက်မှုများ ရှိလာကြသည်။ ပဲသီးနှံများတွင် ကျရောက်သည့် ပိုးများသည် အပင်မှ ကူးစက်ခြင်း၊ လယ်တလင်း မသန့်ရှင်း၍ ပါလာခြင်း၊ အိတ်အခွန်အဟောင်းများမှ ပါလာခြင်း၊ သိုလှောင်ကြမ်းပြင်များ သန့်ရှင်းမှုမရှိခြင်း၊ လေဝင်လေထွက်မရှိခြင်းတို့ကြောင့် ဈေးတက်မှ ရောင်းချရန် ရည်ရွယ်သည့် တောင်သူများနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ သိုလှောင်ထားသူများသည် ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရတတ်သည်။ မန္တလေးမြို့တွင်သို့ သီတင်းကျွတ်လမှစ၍ ပဲတီစိမ်း၊ မြေပဲ၊ ပြောင်း အသီးသီးထွက်ရှိရာ ဒေသတို့မှ လာရောက်ရောင်းချကြသည်။

ယခင်တစ်ချိန်က စက်မှုလယ်ယာလုပ်ငန်းများ မတိုးတက်ခင်အချိန်ထိ တောင်သူများသည် ပြည်ပမှဝင်ရောက်သည့် ဓာတ်မြေဩဇာ အမျိုးမျိုးနှင့် ပိုးသတ်ဆေးအမျိုးမျိုးတို့ကို သုံးစွဲခြင်းထက် မိမိတို့လယ်ယာလုပ်ငန်း လုပ်ကိုင်ရာတွင် အသုံးပြုရန် မွေးမြူထားသည့် နွားများမှ နွားချေးများနှင့် ပုလဲဓာတ်မြေဩဇာကိုသာ တွဲလျက် သုံးစွဲခြင်းကြောင့် ဓာတုဗေဒ ဓာတ်မြေဩဇာများ သုံးစွဲခြင်းထက် အထွက်နှုန်းကွာခြားသော်လည်း စိုက်ပျိုးမှုစရိတ်မှာ တစ်ဖက်တစ်လမ်းမှ ဓာတ်မြေဩဇာဖိုး အကုန်အကျသက်သာပြီး အသီးအနှံ ထိခိုက်ပျက်စီးမှု နည်းပါးသည်ကို တွေ့ရှိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဂျုံ၊ မြေပဲ၊ ပဲမျိုးစုံ၊ ပြောင်းတို့မှာ ကုန်စည်ဒိုင်ပေါက်ဈေးဖြင့် နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဥပုသ်နေ့ တစ်ရက်သာ ဒိုင်ပိတ်သည်။ ပဲစိုက်တောင်သူများ မန္တလေးပွဲရုံသို့ လာရောက်ရောင်းချသည်။ ပဲများကို အရည်အသွေးကြည့်ပြီး ကုန်စည်ဒိုင်ပေါက်ဈေးဖြင့် ရောင်းချရသည်။ ကုန်စည်ဒိုင်မှ ဝယ်ယူရာတွင် အဖျင်း အမှော်၊ ဖုန်သဲပါဝင်မှု ၁ရာခိုင်နှုန်း၊ ပိုးထိုးပိုးကိုက်ပါဝင်မှု ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ချို့ယွင်းပျက်စီးမှု ၄ရာခိုင်နှုန်း၊ ရောင်ကွဲ အမျိုးအစား ပါဝင်မှု ၃ရာခိုင်နှုန်း၊ အစေ့သေးပါဝင်မှု ၆ ရာခိုင်နှုန်း၊ အစိုဓာတ်ပါဝင်မှု ၁၄ ရာခိုင်နှုန်း ပါဝင်မှုများ နှုတ်ယူပြီး အသားတင် အလေးချိန်ဖြင့် ဝယ်ယူကြသည်။

ယခုနှစ်တွင် မိုးများခြင်း၊ ရေကြီးခြင်း၊ သဘာဝဘေးအန္တရာယ် အသီးသီးတို့ကြောင့် အသီးအနှံများ အချို့ဒေသတို့တွင် စိုက်ပျိုးမှုနှင့် ထွက်ရှိမှုမှာ နောက်ကျပြီး သီးနှံများမှာ စိုက်ပျိုးစရိတ်ကြီးခြင်း၊ သယ်ယူစရိတ်ကြီးခြင်း၊ လုပ်သားခများ ဈေးမြင့်တက်လာခြင်းတို့ကြောင့် ပြည်တွင်း၌ ဈေးမြင့်တက် ခြင်းသာမက ပြည်ပပို့ကုန်များလည်း ဈေးတက်လျက်ရှိကြောင်း တင်ပို့ရောင်းချသူများထံမှ သိရသည်။

# ဆိပ်ဖြူနှင့် ပခုက္ကူမြို့နယ်များ၏ ကြက်သွန်နီဈေးကွက်

**ဆိပ်ဖြူကြက်သွန်နီ**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် ကြက်သွန်နီသီးနှံကို ဒေသစီးပွားဖြစ် နှစ်စဉ်မပြတ်ဇာက အများဆုံး စိုက်ပျိုးလျက်ရှိသည်။ ဆိပ်ဖြူမြို့ ကြက်သွန်နီဈေးကွက်သို့ ဒေသတွင်း ကြက်သွန်နီ စိုက်ပျိုးထွက်ရှိသော ကျေးရွာများအပြင် အခြားမြို့နယ်များဖြစ်သော ပွင့်ဖြူ၊ စလင်း၊ ချောက်၊ ပခုက္ကူ ဒေသထွက် ကြက်သွန်နီများလည်း ဝင်ရောက် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ကြက်သွန်နီဈေးကွက်သို့ အောက်တိုဘာလအတွင်းတွင် တစ်ရက်လျှင် ကုန်ချိန် ပိဿာ သုံးသောင်းမှ လေးသောင်း၊ တစ်လအတွင်း ကုန်ချိန်ပိဿာကိုးသိန်းခန့် ဝင်ရောက်ခဲ့ကြောင်း ဈေးကွက်မှ သိရှိရသည်။

ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ ပထမပတ်တွင် ကြက်သွန်နီ တောဈေးဝွန် တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၄၀၀၀-၃၇၀၀-၃၀၀၀-၂၆၀၀ ဈေးတက်၍ အရောင်းအဝယ်ဖြစ်ပြီး နိုဝင်ဘာ ဒုတိယပတ်တွင် ဈေးအနည်းငယ် ကျဆင်းခဲ့ရာ တစ်ပိဿာလျှင် ကျပ် ၃၇၅၀-၂၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ နိုဝင်ဘာ တတိယပတ်တွင် ဈေးဆက်ကျဆင်းပြီး တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၃၀၀၀-၂၂၀၀ ဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ အရောင်းအဝယ်ဖြစ်ခဲ့သည်။ နိုဝင်ဘာလ စတုတ္ထပတ်တွင် ဈေးဆက်လက်ကျဆင်းပြီး ကြက်သွန်နီတစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၂၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ နိုဝင်ဘာလအတွင်း ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ခန့် ဈေးကျဆင်းပြီး အရောင်းအဝယ်ဖြစ်ခဲ့သည်။

ကုန်စည် စီးဆင်းမှုအနေဖြင့် နိုဝင်ဘာလအတွင်း ရန်ကုန် ဘုရင့်နောင်ပွဲရုံသို့ ကုန်ချိန်ပိဿာခြောက်သိန်းကားအစီးရေ အစီး ၆၀၊ ပြည်၊ ပုသိမ်မြို့သို့ကြက်သွန်နီ ပိဿာချိန်တစ်သိန်းကားအစီးရေ ၁၂ စီး၊ မြဝတီမြို့သို့ ပိဿာချိန် နှစ်သိန်း ကားအစီးရေ ၁၀ စီး စုစုပေါင်း ကြက်သွန်နီ ပိဿာချိန် ကိုးသိန်းခန့် အိတ်ရေ ပျမ်းမျှ လေးသောင်းခန့် တန်ချိန်အားဖြင့် ၁၄၇၀ တန်ခန့် ကုန်စည်စီးဆင်းခဲ့ပြီး ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ အများဆုံး တင်ပို့သည်။

**ပခုက္ကူကြက်သွန်နီ**

ပခုက္ကူမြို့နယ် ကြက်သွန်နီ စိုက်ပျိုးရာဒေသများဖြစ်သော ရေစကြို၊ ပေါက်၊ ကမ္မ၊ ရေပြာနယ်များမှ ဆောင်း စိုက်ကြက်သွန် နီများ အရောင်းအဝယ် ဖြစ်လျက်ရှိနေသည်။ ပခုက္ကူမြို့နယ် ကြက်သွန်နီ စိုက်ပျိုးရာ ဒေသများသာမက အခြားမြို့နယ်များမှလည်း ဝင်ရောက် အရောင်းအဝယ် ဖြစ်နေကြောင်း ကြက်သွန်နီ ကုန်သည်များထံမှ သိရသည်။ နိုဝင်ဘာလ စတုတ္ထပတ်တွင် ကြက်သွန်နီ ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေကြောင်း၊ အရောင်းအဝယ်မှာလည်း အေးလျက်ရှိကြောင်း၊ ကြက်သွန် ကုန်သည်များထံမှ သိရသည်။ ပခုက္ကူကြက်သွန်နီကုန်စည်ဒိုင်သို့ ပခုက္ကူမြို့နယ်ထွက် ကြက်သွန်နီများသာမက စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲနယ်မှ ကြက်သွန်နီများလည်း ဝင်ရောက် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ နိုဝင်ဘာလ စတုတ္ထပတ်တွင် ကြက်သွန်နီ ဈေးအနည်းငယ် ကျဆင်း၍ အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ယောဒေသထွက် ကြက်သွန်နီ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၂၉၀၀၊ အနှိမ့်စ တစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ ပုလဲကြက်သွန်နီ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၃၂၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ အနှိမ့်စ တစ်ပိဿာလျှင် ကျပ် ၂၇၀၀ ဖြစ်ခဲ့၍ နိုဝင်ဘာ ပထမပတ်တွင် ယောဒေသထွက် ကြက်သွန်နီ ထိပ်စ တစ်ပိဿာလျှင် ကျပ် ၃၉၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ်၃၆၀၀၊ အနှိမ့်စ တစ်ပိဿာလျှင် ကျပ်၃၀၀၀၊ ပုလဲကြက်သွန်နီ ထိပ်စတစ်ပိဿာလျှင် ကျပ် ၃၆၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ်၃၃၀၀၊ အနှိမ့်စ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြစ်ခဲ့၍ တစ်ပိဿာလျှင် ကျပ် ၉၀၀ ခန့် ဈေးကျဆင်းကြောင်း၊ နေ့စဉ် အရောင်းအဝယ်ဖြစ်မှု ကုန်ချိန်မှာ ပိဿာချိန် သုံးသောင်းမှ ငါးသောင်းအထိ အရောင်းအဝယ်ဖြစ်နေပြီး တင်ပို့မှုအနေဖြင့် ရန်ကုန်ဘုရင့်နောင် နေ့စဉ် တင်ပို့ကြောင်း သိရသည်။

**မြင့်မြင့်သန်း၊ လှိုင်ဥမ္မာဦး (ပခုက္ကူ)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၆-၁၁-၂၀၂၄)ရက်နေ့မှ (၁-၁၂-၂၀၂၄)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1296 |
| ငွေလဲနှုန်း | 3072 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,976,640 | 8.13 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 19,906,560 | 32.51 |
| ၄ | ဆိုက်ကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | | 136,080,000 | 222.21 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,676,800 | 15.80 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 54,432,000 | 88.88 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 25 | 15,309,750 | 25.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | | 46,461,911 | 75.87 |
| | အထွေထွေစရိတ်ပေါင်း | | **319,446,761** | **521.64** |
| ၁၅ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,981,312,000** | **6,501.27** |
| | စရိတ်စုစုပေါင်း | | **4,300,758,761** | **7,022.91** |

# မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန် ဈေးနှုန်းနှင့် စီးဝင်မှုအခြေအနေ

မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံ နှမ်း/မြေပဲတို့အား အဓိက စိုက်ပျိုးကြသော်လည်း ဆန်လိုအပ်ချက်ရှိသည့် တိုင်းဒေသကြီးဖြစ်၍ စပါးအဓိက စိုက်ပျို ထွက်ရှိရာ အခြား တိုင်း/ပြည်နယ်များမှတင်သွင်းရသည်။ မကွေးတိုင်းဒေသကြီးအတွင်း ဧရာပဒေသာစပါးကို အဓိကစိုက်ပျိုးကြပြီး နိုဝင်ဘာလ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ တစ်တင်းလျှင် ဧရာပဒေသာ(ဟောင်း) ကျပ် ၃၀၀၀၀၊ ဧရာပဒေသာ(သစ်) ကျပ် ၂၈၀၀၀၊ ဆန်ဈေးနှုန်းများမှာ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး (၂၄)ပြည် တစ်အိတ်လျှင် ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀၊ မနောသုခ ကျပ်၁၀၃၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ်၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ်၁၄၀၀၀၀၊ မနောသုခ ကျပ်၈၇၀၀၀၊ သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၁၂၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ ရတနာတိုး ကျပ် ၈၁၀၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ်၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၆၀၀၀၊ မနောသုခ ကျပ် ၉၃၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ်၁၄၅၀၀၀၊ မနောသုခ ကျပ် ၉၅၀၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်လထက် ယခုလတွင် ဆန်တစ်အိတ်လျှင် ပခုက္ကူခရိုင်တွင်မနောသုခ ကျပ် ၁၄၃၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၃၀၀၀၊ မနောသုခ ကျပ်၂၄၀၀ ဈေးမြင့်တက်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာ ၁ ရက်မှ ၂၆ ရက်အထိ အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါးအဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန်အိတ် ၁၅၁၈၅၊ မန္တလေးတိုင်းဒေသကြီးမှ ဆန်အိတ် ၁၄၂၀၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန် ၁၇၉၀ အိတ်၊ စုစုပေါင်းဆန် ၁၈၃၉၅ အိတ်နှင့် ၉၁၉ ဒသမ ၇၅ တန်စီးဝင်ခဲ့ကြောင်း သိရသည်။

**ရဲမင်းသာ(မကွေး)**



# ဓနုဖြူမြို့နယ်မှ ဆန်နှင့်ဆန်ကွဲ ဈေးကွက်အခြေအနေ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှ ယခုနှစ် အောက်တိုဘာလအတွင်းက ဆန် ၂၄ ပြည်ပါ ၄၀၇၅ အိတ်နှင့် ဆန်ကွဲ ၂၄ ပြည်ပါ အိတ် ၈၅၀၀၀ ကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။ နိုဝင်ဘာလအတွင်း ဆန်အိတ် ၂၅၁၂၅ တင်ပို့နိုင်ခဲ့ပြီး ဓနုဖြူမြို့မှ ဆန်နှင့်ဆန်ကွဲ များကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုအားကောင်းနေကြောင်းသိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ အောက်တိုဘာလအတွင်း ရန်ကုန်သို့တင်ပို့ခဲ့သော ဆန်အိတ်ရေမှာ စုစုပေါင်း ၃၄၄၆၅၂ အိတ်ရှိပြီး မြို့နယ်အလိုက် ဆန်တင်ပို့မှုစာရင်းများမှ မအူပင်မှ ၄၀၇၅ အိတ်၊ ပန်းတနော်မှ ၁၀၃၂၄ အိတ်၊ ညောင်တုန်းမှ ၅၃၈၁၉ အိတ်၊ ဓနုဖြူမှ ၁၄၉၁၆ အိတ်နှင့် အခြားမြို့နယ်များမှ ၂၆၁၅၂၈ အိတ်ရှိပြီး စုစုပေါင်း ၃၄၄၆၅၂ အိတ်ဖြစ်ကြောင်း သိရသည်။ ဓနုဖြူမြို့မှ ရန်ကုန်ဈေးကွက်သို့ ဆန်ကို နိုဝင်ဘာလအတွင်း ၂၅၁၂၅ အိတ် တင်ပို့ခဲ့ပြီး ဆန်ဝယ်လိုအားကောင်းလာကြောင်း သိရသည်။

နိုဝင်ဘာလအတွင်း ဓနုဖြူမြို့နယ်တွင် ဆင်းသုခ ဆင်းသွယ် တစ်အိတ်ကျပ် ၉၆၀၀၀ မှ ၉၇၀၀၀၊ ရက် ၉၀ ဆန်တစ်အိတ်လျှင် ကျပ် ၁၀၂၀၀၀ မှ ၁၀၃၀၀၀ မနောသုခ တစ်အိတ်လျှင် ကျပ် ၁၀၂၀၀၀-၁၀၃၀၀၀၊ ဆန်ကွဲ တစ်အိတ်လျှင် ကျပ် ၄၉၀၀၀ ဈေးပေါက်ကြောင်း သိရသည်။

**သဇင် (မအူပင်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများ အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုဝင်ဘာလ စတုတ္ထပတ်တွင် ဖြစ်ပေါ် နေသော စပါး/ ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်တွင် ရွှေဘိုပေါ်ဆန်း(စပါး) တင်း ၁၀၀လျှင် ကျပ် ၄၅၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ဧရာမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၃၀၀၀ ဖြင့် အရောင်း အဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၄၅၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) (သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ဧရာမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ဧည့်မထ(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၇၀၀၀၀၀၊ ဧည့်မထ(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ငစိန်(စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ငစိန်(ဆန်)(သစ်)၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ ဧရာမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ဧရာမင်း(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်မှ ဆင်းဧကရီ(၃)(စပါး) တင်း၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ဆင်းဧကရီ-၃ ဆန် ၂၄ပြည်တစ်အိတ်လျှင် ကျပ် ၉၁၀၀၀၊ ဧရာမင်း(စပါး) တင်း ၁၀၀လျှင် ကျပ် ၂၈၀၀၀၀၀၊ ဧရာမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ဧရာမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ဧရာမင်း (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၃၃၀၀၀၊ ရွှေဘိုပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၄၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ မနောသုခ(မိုး)(စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၃၀၀၀၀၀၊ မနောသုခ(မိုး)(ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၉၈၀၀၀၊ ရွှေဝါထွန်း (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၈၅၀၀၀၀ ရွှေဝါထွန်း(ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ရွှေသွယ်ရင် (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ရွှေသွယ်ရင် (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

နိုဝင်ဘာလ စတုတ္ထပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း စပါးဈေးနှုန်းမှာ စပါး (ဟောင်း) လက်ကျန် နည်းပါးချိန်ဖြစ်သဖြင့် ယခင်တစ်ပတ်ထက် ဈေးနှုန်းအနည်းငယ်မြင့်တက်မှု ရှိနေကြောင်းသိရသည်။

**ခင်မို့မို့ငြိမ်း(မုံရွာ)**

အာရှ နိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ ၃၀-၁၁-၂၀၂၄

တန်ဖိုး- ဒေါ်လာ.

| စဉ် | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၅၂၂ | ၅၃၁ | ↑ | | | | | | | | | |
| ဆန်ဖြူ ၅% | ၅၀၇ | ၅၁၆ | ↑ | ၅၂၈ | ၅၂၄ | ↓ | ၄၄၈ | ၄၅၇ | ↑ | ၄၆၇ | ၄၅၉ | ↓ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅ % | ၄၉၁ | ၄၉၁ | — | ၅၀၂ | ၄၈၉ | ↓ | ၄၃၈ | ၄၄၁ | ↑ | ၄၂၈ | ၄၂၅ | ↓ |
| ပေါင်းဆန် | ၅၂၂ | ၅၂၂ | — | | | | ၄၄၃ | ၄၅၀ | ↑ | ၄၉၇ | ၄၈၈ | ↓ |

# ပြည်ခရိုင်မှ စပါး/ဆန်ဈေးနှုန်း အခြေအနေ

ပြည်ခရိုင်အတွင်း ယခုနှစ်မိုးစပါးရာသီ၌ စိုက်ဧက ၂၂၆၄၉၇ ဧက စိုက်ပျိုးပြီး အောက်တိုဘာလဆန်းပိုင်းတွင် စတင်ရိတ်သိမ်းထွက်ရှိနေပြီဖြစ်ရာ ပေါ်စကာလက စပါး ၄၆ပေါင် တင်း ၁၀၀ လျှင် ကျပ် ၁၅၅၀၀၀၀ ဈေးရှိပြီး ယခု နိုဝင်ဘာလတွင် ၄၆ပေါင် တင်း၁၀၀ လျှင် ကျပ် ၁၆၁၀၀၀၀ ဈေးရှိသည်။

ဆန်ဈေးနှုန်းများအနေဖြင့် ပုသိမ်ပေါ်ဆန်း (၂၄)ပြည် တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀-၁၃၀၀၀၀၊ ပေါ်ကြွဲ တစ်အိတ်လျှင် ကျပ် ၉၃၀၀၀၊ ဧရာပဒေသာ တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ ကျောက်ရွှေ (အဟောင်း)တစ်အိတ်လျှင် ကျပ် ၈၅၀၀၀-၉၀၀၀၀၊ နံ့ကောက်/ရတနာတိုး (အသစ်) ဈေးများမှာ ကျပ် ၇၀၀၀၀-၇၁၀၀၀-၇၂၀၀၀၊ ရက် ၉၀ (အဟောင်း) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ မနောသုခ တစ်အိတ်လျှင် ကျပ် ၉၇၅၀၀၀ ဈေးရှိသည်။

ဆန်ကွဲဈေးနှုန်းများ အနေဖြင့် ဆန်ကွဲ(Ex)တစ်အိတ်လျှင် ကျပ် ၅၇၀၀၀-၅၈၀၀၀၊ ဆန်ကွဲ (2,3,4) တစ်အိတ်လျှင် ကျပ် ၄၆၀၀၀-၄၇၀၀၀၊ ဆန်ကွဲ (1,2) တစ်အိတ်လျှင် ကျပ် ၅၀၀၀၀-၅၂၀၀၀၊ ဖွဲနု တစ်ပေါင်လျှင် ကျပ် ၂၄၀-၂၇၀ ဈေးရှိကြောင်း သိရသည်။

**ဆုမွန်ဆွေ၊ လွင်လွင်ဆန်း (ပြည်)**

ASIA WORLD PORT TERMINAL

Myanmar's Marine Gateway to the World

www.asiaworldport.com





SSS International Retail Business
လက်အောက်ရှိ ဖွင့်လှစ်ထားသော လုပ်ငန်းခွဲများ
easy mart
More than a Mart
ရန်ကုန်မြို့အတွင်း
ဆိုင်ခွဲပေါင်း (၂၃) ဆိုင်ကို
ဖွင့်လှစ်ကာ ပို့ကုန်၊ သွင်းကုန်
ပစ္စည်းအစုံကို အရည်အသွေး
ပြည့်မီစွာရောင်းချ ပေးနေပါသည်။
MAXI မက်(ခ်)ဇီ
Wholesale
ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်
ပင်လုံလမ်းမပေါ်တွင်
Wholesale Center တစ်ခု
အဖြစ် ဖွင့်လှစ်ကာ
စားသောက်ကုန် ၊ လူသုံးကုန် အမျိုး
ပေါင်းများစွာကို လက်လီလက်ကား
ရောင်းချပေးလျက်ရှိပါသည်။
easy supermarket
မှော်ဘီမြို့ ပြည်လမ်းမပေါ်ရှိ
အလွှာ (၆)လွှာ ပါဝင်သော
Easy Supermarket တွင်
ပို့ကုန် သွင်းကုန် ပစ္စည်းအစုံ
အဝတ်အထည်အမျိုးမျိုး တို့ကို
အရည်အသွေးပြည့်မီစွာဖြင့်
ရောင်းချပေးလျက်ရှိပါသည်။
အရည်အသွေး
ကောင်းမွန်သော ကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
ကားပါမစ်ရရှိထားသော နိုင်ငံ့ဝန်ထမ်းများကိုလည်း လိုချင်သောမော်တော်ကားများဝယ်ယူရရှိပြီး
လက်တင်စီးနိုင်သည်အထိ(အထူး)ဝန်ဆောင်မှုပေးပါသည်။
HOT LINE : 09253008800
အမှတ် (၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555

# ကုမ္ပဏီများနှင့် လွတ်လပ်သော ဒါရိုက်တာများ၏ အခန်းကဏ္ဍ



အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအဖြစ် တိုက်ရိုက်တည်ထောင်သည်ဖြစ်စေ၊ ပုဂ္ဂလိကပိုင် ကုမ္ပဏီဖြစ်ပြီးမှ အများပိုင်သို့ ပြောင်းသည်ဖြစ်စေ၊ ပြည်တွင်းပြည်ပလုပ်ငန်းများနှင့် ဖက်စပ် ကုမ္ပဏီများအဖြစ် ပူးတွဲ၍ တည်ထောင်သည်ဖြစ်စေ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်သည်ဖြစ်စေ၊ အစိုးရ-ပုဂ္ဂလိက ပါတနာရှစ် (PPP) လုပ်သည်ဖြစ်စေ အရေးကြီးသည့်အချက်မှာ မိမိတို့တည်ထောင်ပြီးသည့် အဖွဲ့ကြီးကို ရေရှည်တည်တံ့အောင်၊ အကျိုးအမြတ်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြရန်ဖြစ်သည်။

ဤနေရာတွင် မိမိတို့အဖွဲ့ကြီးကို စနစ်တကျ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် စီမံခန့်ခွဲရေး အဖွဲ့သို့မဟုတ် ဒါရိုက်တာအဖွဲ့ (Board of Directors)များ၏ အခန်းကဏ္ဍ လွန်စွာအရေးကြီးလှပါသည်။ ယခုခေတ် အများနဲ့သက်ဆိုင်သည့် ကုမ္ပဏီများတွင် ဒါရိုက်တာအဖွဲ့ဝင်များကို အနည်းဆုံး ၅ ဦးမှ ၁၅ ဦးအထိ ရွေးချယ်ခန့်အပ်ကြပြီး လွတ်လပ်ပြီးရှယ်ယာရှင်မဟုတ်သည့် ဒါရိုက်တာ (Independent Director) ကိုလည်း အနည်းဆုံး ငါးပုံတစ်ပုံ ခန့်ထားလေ့ရှိသည်ကို တွေ့ရသည်။ လွတ်လပ်သည့် ဒါရိုက်တာများကိုလည်း ပြည်တွင်းမှ လုပ်ငန်းကျွမ်းကျင်သူတို့ကိုသာမက နိုင်ငံခြားမှ ကျွမ်းကျင်သူများကိုလည်း ငှားရမ်းခန့်အပ်ကြသည်ကိုလည်း တွေ့ရသည်။ အုပ်ချုပ်မှုအဖွဲ့တွင် အဓိကကျသည်မှာ ရှင်းလင်းမြင်သာသည့် လုပ်ငန်းရည်မှန်းချက်များထားရှိရန် လိုအပ်ပြီး ယင်းကို တစ်ဦးတည်း သို့မဟုတ် အုပ်စုငယ် လေးတစ်ခုက ချုပ်ကိုင်ကာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း မပြုကြရန်လိုအပ်သည်။ ဒါရိုက်တာအဖွဲ့ကြီးတစ်ခုလုံးသည် မိမိတို့လုပ်ငန်း အောင်မြင်ရေးအတွက် တာဝန်ရှိသည်ဆိုသည့် အချက်ကို သတိချပ်ကြရန် လိုအပ်သည်။

ဤနေရာတွင် ဒါရိုက်တာအဖွဲ့၏ အခန်းကဏ္ဍ မည်မျှအရေးပါသည်ကို တင်ပြလိုပါသည်။ ဒါရိုက်တာအဖွဲ့သည် သစ္စာစောင့်သိခြင်း၊ ကျွမ်းကျင်ခြင်း၊ ဂရုတစိုက်ပြုမူခြင်း စသည့်အချက်များကို လက်ကိုင်ထားရမည့်အပြင် အောက်ဖော်ပြပါ အရေးကြီးသည့် အချက်များကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

(၁) ရှယ်ယာရှင်များ၏အကျိုးကို တရားနည်းလမ်းကျစွာ ဆောင်ရွက်ရမည့်အပြင် အပြည့်အဝ တာဝန်ယူခြင်း ရှိရပါမည်၊

(၂) သဘောရိုးနှင့် ဆောင်ရွက်ပြုမူကြကာ ကုမ္ပဏီနှင့် ရှယ်ယာရှင်များ၏ အကျိုးအတွက် အကောင်းဆုံး ဆောင်ရွက်ကြရမည်၊

(၃) ရှယ်ယာရှင်များနှင့် စီးပွားရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်သူအားလုံးတို့ကြားတွင် ထိရောက်သေချာစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရမည်၊

## ထွန်းသက်ထွန်း

(၄) ကုမ္ပဏီ၏ နည်းဗျူဟာ၊ မူဝါဒ၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ စံ၊ လုပ်ငန်းစီမံချက် အစရှိတို့ကို ချမှတ်ခြင်း၊ စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်၊

(၅) ကုမ္ပဏီတွင်း ထိန်းချုပ်ရေးစနစ်များကို တည်ဆောက်ခြင်း၊ စောင့်ကြည့်ခြင်းများကို ဆောင်ရွက်ကြရမည်၊

(၆) စွန့်ဦးတီထွင်ခြင်းဆိုင်ရာ အရည်အချင်းများ၊ ခေါင်းဆောင်မှု အရည်အချင်းများနှင့်ပြည့်စုံပြီး မဟာဗျူဟာကျသည့် ရည်မှန်းချက်များထားရှိခြင်း၊ မိမိတို့ရှိသော အရင်းအမြစ်များကို ရည်မှန်းချက်များနှင့် ကိုက်ညီအောင် အသုံးချတတ်ခြင်း စသည့် အတတ်ပညာများ ရှိရမည်၊

(၇) ဒါရိုက်တာအဖွဲ့ဝင်များအနေနှင့် ၎င်းတို့၏ အရှိန်အဝါကို အသုံးချပြီး ကုမ္ပဏီ၏အဆင့်မြင့် အရာထမ်းများ၏ တာဝန်များကို ဝင်ရောက်စွက်ဖက်မှုမပြုလုပ်ရန် ထိန်းသိမ်းဆောင်ရွက်ကြရမည်။

### 'g½kd fvm t zGHwm0ef sm;

ဒါရိုက်တာအဖွဲ့ အစည်းအဝေးများကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ်ပြုလုပ်သင့်ပြီး အဖွဲ့ဝင်များ အားလုံးသည် ပုံမှန်နှင့် အထူးအစည်းအဝေးများအားလုံးတွင် စုံညီစွာ တက်ရောက်ကြရန် လိုအပ်သည်။ အကယ်၍ မိမိတို့ဒါရိုက်တာအဖွဲ့တွင် လွတ်လပ်သည့် ဒါရိုက်တာများ ခန့်အပ်ထားပါက အနည်းဆုံးတစ်ဦးအား အစည်းအဝေးသို့ တက်ရောက်ခွင့်ပြုရမည်ဖြစ်သည် ။ ဒါရိုက်တာအဖွဲ့၊ အမှုဆောင်ဒါရိုက်တာများ၊ အဆင့်မြင့် အရာထမ်း များ၏ လစာနှင့် နစ်နာကြေးများသည် ဆွဲဆောင်မှုရှိမရှိ၊ ထိုက်တန်မှု ရှိမရှိ၊ ကုမ္ပဏီ၏လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် စေ့ဆော်နိုင်မှု ရှိ၊ မရှိကို သုံးသပ်ကြရန် တာဝန်ရှိသည်။ အမှုဆောင် ဒါရိုက်တာများ၊ အဆင့်မြင့်အရာရှိများအတွက် ပုံသေနှင့် ပုံသေမဟုတ်သည့် ထောက်ပံ့မှုများပေးရန်အတွက် နည်းလမ်းများ ချမှတ်တည်ဆောက်ကြရမည်။ သို့မှသာ တစ်ဦးချင်းနှင့် အဖွဲ့များအတွက် လိုအပ်သည့် ဆက်နွှယ်မှုများကိုဖန်တီးပေးကာ ရှယ်ယာရှင်များနှင့် ကုမ္ပဏီတို့အတွက် စဉ်ဆက်မပြတ် အောင်မြင်မှုများကို ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် ဝန်ထမ်းများအတွက် တရားဝင်နှင့် ပွင့်လင်းသည့် လစာစရိတ် အစီအစဉ်များကို ချမှတ်ထားရန် လိုအပ်သည်။

ကုမ္ပဏီ၏ နှစ်ပတ်လည် အစီရင်ခံစာများတွင်လည်း ဒါရိုက်တာများ၊ အရာရှိများ၊ အမှုဆောင်အရာရှိချုပ်များ၊ ဝန်ထမ်းများ၏ လစာနှင့် စရိတ်များကို ခွဲခြားပြီး ရှင်းလင်းမြင်သာ စွာဖော်ပြရန် အရေးကြီးသည်။

ဒါရိုက်တာများသည် ပြည့်စုံလုံလောက်သော၊ တိကျသော ပုံမှန် သတင်းအချက်အလက်နှင့် အစီရင်ခံစာ များကို ဒါရိုက်တာအဖွဲ့ အစည်းအဝေးမတိုင်မီ ပြုစုရန် လိုအပ်သည်။ ဒါရိုက်တာအဖွဲ့သို့ တင်ပြထားသော တင်ပြချက်များကို ဒါရိုက်တာအဖွဲ့မှ အတည်ပြု ဆုံးဖြတ်ရမည်ဖြစ်သည်။ ကုမ္ပဏီ၏ အကြီးတန်းအရာရှိများသည်လည်း ဒါရိုက်တာအဖွဲ့ထံ ပြည့်စုံလုံလောက်သည့် အချက်အလက်များကို ပုံမှန်တင်ပြကြရမည်ဖြစ်သည်။ အကယ်၍ ဒါရိုက်တာအဖွဲ့သည် ၎င်း၏ အကြီးတန်းအရာရှိများအား သီးသန့်တာဝန်များ ပေးအပ်လိုပါက ၎င်းတို့အား လိုအပ်သော သတင်းအချက်အလက်များကို ထပ်မံပံ့ပိုးပေးရမည်ဖြစ်သည်။

အဆိုပါသတင်းအချက်အလက်များတွင် နောက်ခံသမိုင်းကြောင်းများ၊ ဖွင့်ဟကြေညာရန်လိုအပ်ချက်များ၊ ရသုံးစာရင်းများ၊ လစဉ်ကုမ္ပဏီ၏ စာရင်းများ၊ ခန့်မှန်းလျာထားချက်များ ပါဝင်သည်။ ကုမ္ပဏီ၏ ရသုံးစာရင်းအပေါ် မူတည်ပြီး မူလခန့်မှန်းထားချက်များနှင့် လက်တွေ့ဆောင်ရွက်ချက်များ၏ ကွဲလွဲချက်များကိုလည်း ရှင်းလင်းမြင်သာစွာ တင်ပြရန် အရေးကြီးသည်။ ကုမ္ပဏီကို နိစ္စတာဝန်ထမ်းဆောင်ရွက်နေကြရသည့် ဒါရိုက်တာတစ်ဦးချင်းစီတွင် သတ်မှတ်ထားသည့် အခွင့်အရေးနှင့် တာဝန်များရှိသည်။

ယင်းတို့မှာ -

(၁) ဒါရိုက်တာအဖွဲ့အစည်းအဝေးနှင့် ကော်မတီအစည်းအဝေးများကို ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အစည်းအဝေး အစီအစဉ်နှင့်လုံလောက်သည့်သတင်းအချက်အလက်များကို ကြိုတင်ရရှိပိုင်ခွင့်၊

(၂) ကုမ္ပဏီ၏ နောက်ဆုံးအခြေအနေနှင့် သတင်းအချက်အလက်များကို အချိန်မှန် ဝင်ရောက်ရယူနိုင်ခွင့်၊

(၃) ဒါရိုက်တာအဖွဲ့၏ ဆောင်ရွက်ချက်နှင့် ဆုံးဖြတ်ချက်များတွင် သဘောကွဲလွဲချက်များရှိပါက ၎င်းတို့၏ ကန့်ကွက်မှုများကို စာဖြင့်ရေးသား မှတ်တမ်းတင်နိုင်ခွင့်၊

(၄) ဒါရိုက်တာအဖွဲ့အစည်းအဝေးအတွက် လိုအပ်သည့် အစီအစဉ်များကို လိုအပ်သလိုဖြည့်စွက်ထည့်သွင်းနိုင်ခွင့်၊

(၅) အကြီးတန်းအရာရှိများ၏ လုပ်ငန်းများတွင် နှစ်ဦးနှစ်ဖက် အကျိုးအတွက် လိုအပ်သလိုဝင်ရောက် ပတ်သက်ခွင့်၊

(၆) ဌာနတွင်းရှိ လုပ်ငန်းဆောင်ရွက်မှုများ အားလုံးမှ ထွက်ပေါ်လာသော အကြံဉာဏ်များကို ရရှိပိုင်ခွင့်၊

(၇) လုံလောက်ပြီး ပွင့်လင်းမြင်သာသည့် လစာနှင့်စရိတ်များကို ရပိုင်ခွင့်နှင့်

(၈) လိုအပ်သော အကြံဉာဏ်များကို လွတ်လပ်စွာပေးပိုင်ခွင့် စသည်တို့ဖြစ်သည်။

ကုမ္ပဏီ သက်တမ်းရှည်စွာတည်ရှိစေရေး၊ အောင်မြင်စွာရပ်တည်နိုင်ရေးနှင့် စဉ်ဆက်မပြတ် ယှဉ်ပြိုင်မှုစွမ်းရည်များ မြင့်တက်စေရေးအတွက် ဒါရိုက်တာအဖွဲ့တွင် တာဝန်ရှိသည်။ ထို့ပြင် ကုမ္ပဏီ၏ အကျိုးစီးပွားကို တရားဝင်စီမံဆောင်ရွက်ပိုင်ခွင့် ရှိသည်နှင့်အညီ ကုမ္ပဏီနှင့် ရှယ်ယာရှင်များ၏အကျိုးအတွက် အစွမ်းကုန် ကြိုးစားကြရမည်ဖြစ်သည်။

ဒါရိုက်တာအဖွဲ့၏ ဆောင်ရွက်မှုများသည် အတတ်ပညာများ၊ နည်းပညာများနှင့် ပြည့်ဝနိုင်စေရေးအတွက် လိုအပ်သော ကော်ပိုရိတ် စီမံခန့်ခွဲမှုစနစ်များ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ စည်းမျဉ်း ထိန်းကျောင်းမှုနည်းစနစ်များကို စဉ်ဆက်မပြတ် လေ့လာလိုက်စားမှု ရှိစေရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ နှစ်ပတ်လည် အစီရင်ခံစာများတွင်လည်း ဒါရိုက်တာအဖွဲ့ဝင်များ၏ ပညာအရည်အချင်းများနှင့် ၎င်းတို့၏ စွမ်းဆောင်မှုများကို ထည့်သွင်းဖော်ပြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာပွင့်လင်းမြင်သာ ပြီးအောင်မြင်သည့် ကုမ္ပဏီကြီးတစ်ခု ဖြစ်ပေါ်လာမည်ဖြစ်သည်။

**(ဆက်လက်တင်ပြပါမည်)**

# ပခုက္ကူမြို့ ဘိလပ်မြေ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများ အခြေအနေ

**ဘိလပ်မြေ**

ပခုက္ကူမြို့တွင် နိုဝင်ဘာလ စတုတ္ထပတ်တွင် ဖြစ်ပေါ်နေသော ဘိလပ်မြေဈေးနှုန်းများမှာ ပထမပတ်ထက် ဈေးအနည်းငယ် ကျဆင်းနေပြီး ကြံ့နှစ်ကောင်ဘိလပ်မြေတစ်အိတ်လျှင် ကျပ် ၁၀၂၀၀၊ အယ်လ်ဖာဘိလပ်မြေ တစ်အိတ်လျှင် ကျပ်၁၀၂၀၀၊ အပါချီ ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၁၀၈၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**ဓာတ်မြေဩဇာ**

ယခုအချိန်တွင် ပဲမျိုးစုံနှင့် ဆောင်းကြက်သွန်များ စိုက်ပျိုးနေသောအချိန်ဖြစ်သောကြောင့် နိုဝင်ဘာလ စတုတ္ထပတ်တွင် ဓာတ်မြေဩဇာဈေးနှုန်းများမှာ အောက်တိုဘာ စတုတ္ထပတ်ထက် ဈေးနှုန်းများ တက်လာသည်ကို တွေ့ရသည်။ ယခုလက်ရှိ ဈေးနှုန်းများမှာ အာမိုယူရီးယား (50)kgပါ တစ်အိတ်လျှင် ကျပ်၁၀၅၀၀၀၊ ဩဘာယူရီးယား(50)kgပါ တစ်အိတ်လျှင် ကျပ်၁၀၃၀၀၀၊ ရွှေနဂါးယူရီးယား တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ တရုတ်တီစူပါ သံကွင်း (50)kgပါ တစ်အိတ်လျှင် ကျပ်၁၇၀၀၀၊ တရုတ်ပုလဲရွှေတောင်(50)kgပါ တစ်အိတ်လျှင် ကျပ်၁၀၁၀၀၀၊ မြန်မာဩဘာ ရွှေကောမက် (50)kg ပါ



တစ်အိတ်လျှင် ကျပ်၁၆၂၀၀၀၊ ဩဘာကွန်ပေါင်း (50)kg ပါ တစ်အိတ်လျှင် ကျပ်၁၅၀၀၀၀၊ ကောမက်ကွန်ပေါင်း ၁၅း၁၅း၁၅ (50kg) ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ တရုတ် အာမို ၁၆း၁၆း၁၆ (50kg) ပါ တစ်အိတ်လျှင် ကျပ်၁၅၀၀၀၀ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိသည်။

**ပိုးသတ်ဆေး**

ယခု နိုဝင်ဘာလ စတုတ္ထပတ်တွင် ပိုးသတ်ဆေးဈေးနှုန်းများမှာ ဈေးအနည်းငယ် ကျဆင်းနေသည်ကို တွေ့ရသည်။ အာမိုမက်နီဖော့ (500)cc တစ်ဘူးလျှင် ကျပ် ၆၀၀၀၀၊ အာမိုမက်နီဖော့ တစ်လီတာ တစ်ဘူးလျှင် ကျပ်၁၀၅၀၀၀၊ အာမိုစတားတစ်လီတာ တစ်ဘူးလျှင် ကျပ် ၆၇၀၀၀၊ အာမိုအီမာ(250)cc တစ်ဘူးလျှင် ကျပ်၁၈၀၀၀၊ (500)cc တစ်ဘူးလျှင် ကျပ် ၂၈၅၀၀၊ တစ်လီတာ တစ်ဘူးလျှင် ကျပ် ၅၃၀၀၀၊ ဂျက်ကက် မင်းမဟော် (100)cc တစ်ဘူးလျှင် ကျပ် ၁၆၅၀၀၊ ဩဘာအဆီဖိတ် (500)gပါ တစ်ထုပ်လျှင် ကျပ် ၃၄၀၀၀၊ ဩဘာ ငှက်ကြီးတောင် (100)cc တစ်ဘူးလျှင် ကျပ် ၂၇၀၀၀၊ ဩဘာငှက်ကြီးတောင်(250)cc တစ်ဘူး လျှင်ကျပ် ၆၄၀၀၀၊ မင်းမဟော်ဖော်ယူဘိုး (500)cc တစ်ဘူးလျှင် ကျပ် ၄၇၀၀၀၊ မင်းမဟော်ဖော်ယူဘိုး (250)cc တစ်ဘူးလျှင် ကျပ် ၂၅၀၀၀၊ မင်းမဟော် ဂုတ်မက်ပ် (250)cc တစ်ဘူး လျှင် ကျပ် ၃၇၀၀၀၊ (500)cc တစ်ဘူးလျှင် ကျပ် ၆၈၀၀၀ ဈေးနှုန်းအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ စတုတ္ထပတ်သည် စိုက်ပျိုးချိန်ဖြစ်သောကြောင့် ယခင်လထက် ဓာတ်မြေဩဇာဈေးနှုန်းများ တက်လာသည်ကို တွေ့ရှိရပြီး ပိုမို၍အရောင်းအဝယ်သွက်လာကြောင်း သိရသည်။

**စန်းမြင့်ရီ(ပခုက္ကူ)**



# ရန်ကုန်မြို့ ပုဇွန်တောင်ဈေးအတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်ဈေးအတွင်း အခြေခံစားသောက်ကုန် ဈေးနှုန်းများဖြစ်သော ဆန်ကြမ်း /ဆန်ချော အမျိုးအစားများအလိုက် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်တွင် ဧည့်မထတစ်ပြည်လျှင် ကျပ် ၃၀၀၀ မှ ၃၈၀၀ ထိ၊ ငစိန်တစ်ပြည်လျှင် ကျပ် ၂၇၀၀ မှ ၂၈၀၀ ထိ၊ ဧယာတစ်ပြည်လျှင် ကျပ် ၃၂၀၀ မှ ၃၅၀၀ ထိ၊ ပေါ်ကျွဲတစ်ပြည်လျှင် ကျပ် ၄၅၀၀၊ ပုသိမ်ပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၅၆၀၀၊ ဖျာပုံ ပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၅၅၀၀၊ ရွှေဘိုပေါ်ဆန်းမွှေး တစ်ပြည်လျှင် ကျပ် ၆၈၀၀ လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အလားတူ စားဖိုဆောင်သုံးစားသောက်ကုန်များတွင် ဆီ(စားအုန်းဆီ) တစ်ပိဿာ ကျပ် ၇၇၀၀၊ ပဲဆီတစ်ပိဿာ ကျပ် ၁၉၀၀၀၊ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၅၂၀၀၊ ကြက်သွန်ဖြူ(ရှမ်း)တစ်ပိဿာ ကျပ် ၂၂၀၀၀၊(အမြွှာ) တစ်ပိဿာ ကျပ် ၂၃၀၀၀၊(ဥတစ်လုံး) တစ်ပိဿာ ကျပ် ၂၅၀၀၀ တို့ဖြစ်ပြီး အာလူးတစ်ပိဿာ ကျပ် ၁၀၀၀၀၊ နနွင်းမှုန့်တစ်ပိဿာ ကျပ် ၁၄၀၀၀၊ နနွင်းတက်တစ်ပိဿာ ကျပ် ၈၀၀၀၊ အိုင်အိုဒင်းဆားတစ်ထုပ် ကျပ် ၁၀၀၀၊ ရိုးရိုးဆားတစ်ထုပ် ကျပ် ၅၀၀၊ မန်ကျည်းသီးမှည့် တစ်ပိဿာ ကျပ် ၁၀၀၀၀ မှ ၁၂၀၀၀၊ ငရုတ်တောင့်(ရှည်) တစ်ပိဿာ ကျပ် ၁၅၀၀၀မှ ၂၀၀၀၀၊ ငရုတ်တောင့်(ပု) တစ်ပိဿာ ကျပ် ၁၇၀၀၀၊ မြန်မာပဲနီလေး တစ်ပိဿာ ကျပ် ၁၅၀၀၀၊ ပဲဝါလေးတစ်ပိဿာ ကျပ် ၅၀၀၀၊ ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၇၅၀၀၊ ချင်းတစ်ပိဿာ ကျပ် ၇၀၀၀ မှ ၁၂၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ထို့အတူ အသား/ငါးဈေးနှုန်းများမှာလည်း မွေးမြူရေးကြက်တစ်ပိဿာ ကျပ် ၂၀၀၀၀၊ မြန်မာကြက် တစ်ပိဿာ ကျပ် ၃၁၀၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၃၁၀၀၀၊ ဘဲသား တစ်ပိဿာ ကျပ် ၂၈၀၀၀၊ ဆိတ်သား တစ်ပိဿာ ကျပ် ၃၁၀၀၀၊ အမဲသား တစ်ပိဿာ ကျပ် ၂၆၀၀၀၊ ငါးကြင်းတစ်ပိဿာ ကျပ် ၂၀၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၁၂၀၀၀၊ ရေချိုငါးခူတစ်ပိဿာ ကျပ် ၂၅၀၀၀၊ မွေးမြူရေးငါးခူ တစ်ပိဿာ ကျပ် ၁၉၀၀၀၊ ပုစွန်တုပ်(ကြီး) တစ်ပိဿာ ကျပ် ၄၇၀၀၀၊ ပုစွန်တုပ်(လတ်)တစ်ပိဿာ ကျပ် ၄၂၀၀၀၊ ပုစွန်ကျော့ တစ်ပိဿာ ကျပ် ၂၈၀၀၀၊ ငါးတန်တစ်ပိဿာ ကျပ် ၁၈၀၀၀၊ ပင်လယ်ငါးတစ်ပိဿာ ကျပ် ၉၀၀၀ မှ ၁၅၀၀၀၊ ငါးရံ့တစ်ပိဿာ ကျပ် ၂၇၀၀၀၊ ငါးကျည်းတစ်ပိဿာ ကျပ် ၃၅၀၀၀၊ ရေချိုငါးသလောက်တစ်ပိဿာ ကျပ် ၃၇၀၀၀၊ ပုစွန်ခြောက်(ကြီး)တစ်ပိဿာ ကျပ် ၁၂၀၀၀၀၊ ပုစွန်ခြောက်(လတ်) တစ်ပိဿာ ကျပ် ၁၀၀၀၀၀၊ ပုစွန်ခြောက် (သေး) တစ်ပိဿာ ကျပ် ၆၀၀၀၀၊ ငါးရံ့ခြောက် တစ်ပိဿာ ကျပ် ၉၀၀၀၀၊ ငါးကျည်းခြောက် တစ်ပိဿာ ကျပ် ၈၅၀၀၀၊ ငါးပိကောင်တစ်ပိဿာ ကျပ် ၂၆၀၀၀၊ အာပြဲ ခြောက်တစ်ပိဿာ ကျပ် ၃၃၀၀၀ တို့ဖြစ်ကြောင်း သိရှိရသည်။

စားအုန်းဆီမှာ ရည်ညွှန်းဈေး ကျပ် ၇၂၈၀ အပေါ် အခြေခံ ရောင်းချရသောကြောင့် ဈေးနှုန်းအနည်းငယ် တက်ပြီး၊ ပဲဆီဈေးနှုန်းမှာ ဝယ်လိုအားနည်းသဖြင့် ဈေးအနည်းငယ် ကျဆင်းသွားကြောင်း သိရှိရသည်။ ကြက်သွန်နီနှင့် ကြက်သွန်ဖြူမှာ ဈေးငြိမ်လျက်ရှိပြီး ကြက်သား၊ ငါးနှင့် အခြားစားဖိုဆောင်သုံးကုန်ပစ္စည်းများမှာ ယခင်တစ်ပတ်ထက် အနည်းငယ်သာ မြင့်တက်လာမှုရှိကြောင်း နိုဝင်ဘာ ၂၇ရက် အတွက် ဈေးကွက်စုံစမ်း သိရသည်။

**လဲ့လဲ့ဌေး**

# လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးအတွင်းရှိ ငါးဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်းရှိ ရွှေပိတောက် ငါးဈေးတွင် နိုဝင်ဘာ၂၆ ရက်တွင် ဝင်ရောက်ခဲ့သော ရေချိုငါးများမှာ ငါးမြစ်ချင်း တစ်ပိဿာ အနိမ့်ဆုံး ကျပ် ၆၅၀၀ မှ အမြင့်ဆုံး ကျပ် ၈၅၀၀၊ ငါးကြင်းတစ်ပိဿာ ကျပ် ၇၀၀၀ မှ ၁၄၀၀၀၊ ငါးသလောက် တစ်ပိဿာ ကျပ် ၁၆၀၀၀ မှ ၆၀၀၀၀၊ ငါးခေါင်းပွ တစ်ပိဿာ ကျပ် ၅၅၀၀ မှ ၈၀၀၀၊ ငါးဘတ် တစ်ပိဿာ ကျပ် ၁၃၀၀၀ မှ ၃၀၀၀၀၊ ကကတစ် တစ်ပိဿာ ကျပ် ၁၄၀၀၀ မှ ၂၂၀၀၀၊ ငါးနုသန်း တစ်ပိဿာ ကျပ် ၁၃၀၀၀ မှ ၁၈၀၀၀၊ ငါးခူတစ်ပိဿာ ကျပ် ၅၀၀၀ မှ ၁၈၀၀၀၊ ငါးကျည်း တစ်ပိဿာ ကျပ် ၁၃၀၀၀ မှ ၂၀၀၀၀၊ ငါးဖီးမ တစ်ပိဿာ ကျပ် ၆၀၀၀ မှ ၈၀၀၀၊ ငါးမုတ် တစ်ပိဿာ ကျပ် ၅၀၀၀ မှ ၉၀၀၀၊ ငါးတန်(မြစ်) တစ်ပိဿာ ကျပ် ၁၂၀၀၀ မှ ၁၉၀၀၀၊ ငါးတန်(မွေး) တစ်ပိဿာကျပ် ၆၀၀၀ မှ ၈၀၀၀၊ ငါးခုံးမ တစ်ပိဿာ ကျပ် ၄၀၀၀ မှ ၆၀၀၀၊ ငါးရံ့တစ်ပိဿာ ကျပ် ၁၂၀၀၀ မှ ၁၉၀၀၀၊ ငါးပုတ်သင် တစ်ပိဿာ ကျပ် ၁၁၀၀၀ မှ ၁၈၀၀၀၊ ငါးပုဏ္ဏား တစ်ပိဿာ ကျပ် ၁၄၀၀၀ မှ ၂၆၀၀၀၊ ပုစွန် (ကျော့) တစ်ပိဿာ ကျပ် ၁၀၀၀၀ မှ ၄၅၀၀၀၊ ပုစွန်တစ်ပိဿာ ကျပ် ၁၇၀၀၀ မှ ၅၀၀၀၀၊ ငါးမျက်ကြယ် တစ်ပိဿာ ကျပ် ၆၀၀၀ မှ ၈၀၀၀၊ ပီဇာတစ်ပိဿာ ကျပ် ၆၀၀၀ မှ ၇၅၀၀၊ ငါးနှပ်(အာပြဲခြောက်) တစ်ပိဿာ ကျပ် ၄၀၀၀ မှ ၅၀၀၀၊ ကင်းမွန် တစ်ပိဿာ ကျပ် ၁၈၀၀၀ မှ ၃၅၀၀၀၊ ပလာတူး တစ်ပိဿာ ကျပ် ၆၀၀၀ မှ ၈၀၀၀၊ ရွှေငါးတစ်ပိသာ ကျပ် ၅၀၀၀ မှ ၇၀၀၀၊ ပြည်ကြီးငါး တစ်ပိဿာ ကျပ် ၃၀၀၀၀ မှ ၃၅၀၀၀ တို့ရှိကြောင်း ရွှေပိတောက်ငါးဈေးထံမှ သိရသည်။

**West DOCA (TSBO)**



# မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ ရန်ကုန်မြို့တွင် သုံးရက်ကြာ ခင်းကျင်းပြသမည်

တရုတ်နိုင်ငံ Zhejiang ပြည်နယ်မှ ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA)နှင့် Chinese Textile & Garment Association In Myanmar(CTGA)တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာတွင် ဒီဇင်ဘာ ၆ ရက်မှ ၈ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ သုံးရက် ကြာ ခင်းကျင်းပြသမည်ဖြစ်သည်။

ယင်းကုန်စည်ပြပွဲတွင် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်အသင်းဖြစ်သည့် Korean Garment Assciation in Myanmar (KOGAM), Hong Kong Myanmar Manufacturers Association Limited (HKMMA) တို့မှလည်း ပြခန်းပါဝင်ပြသမည်ဖြစ်ကာ တရုတ်နိုင်ငံမှ အမှတ်တံဆိပ်ပေါင်း ၂၀ကျော်မှ အထည်အလိပ်၊ အဝတ်အထည်၊ ဖိနပ်၊ အိတ် ထုတ်လုပ်သူ ၁၀၀ ကျော်နှင့် Made In Myanmar ထုတ်ကုန်များဖြစ်သော အဝတ်အထည်၊ပြည်တွင်းထုတ် ဖိနပ်၊ အိတ်များကို ပြသမည်ဖြစ်သည်။ ပြည်တွင်း SME လုပ်ငန်းများအား အရောင်းမြှင့်တင်ခြင်း၊ မိတ်ဆက်ခြင်းများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အာဆီယံနိုင်ငံများမှ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (AFTEX) ၏ ကိုယ်စားလှယ်များမှလည်း အာဆီယံနိုင်ငံများ၏ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍတို့၏ ပူးပေါင်းဆောင်ရွက်မှုများ၊ Sustainable Development Sector အဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်ရန်များကို ဆွေးနွေးပွဲများ၊ အာဆီယံနိုင်ငံများ၏ ချစ်ကြည်ရင်းနှီးဖလှယ်မှုများ၊ ရိုးရာဝတ်စုံများဖြင့် ဝတ်ဆင်ကာ ပြသခြင်း၊ Made In Myanmar ထုတ်ကုန်များကိုပြသမည့် Fashion Show၊ Business Matching၊ Garment related Industries ကဏ္ဍများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြပွဲကို တရုတ်-မြန်မာ နှစ်နိုင်ငံ အထည်အလိပ်နှင့် အထည်ချုပ် လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ဆက်ဆံရေးများ၊ အလားအလာရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ ရေရှည်ပြုလုပ်နိုင်ရန်နှင့် မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။



# ပို့ကုန်အခြေပြု အရန်ဆန်အိတ် ရှစ်သိန်းဝန်းကျင်ခန့် စုဆောင်းထားဟု ဆန်စပါးအသင်းချုပ်ပြော

ပြည်တွင်းစားသုံးမှု ဖူလုံရေး အရန်ဆန် စနစ်များထားရှိသည့်အပြင် ပြည်တွင်းဆန်ဈေးနှုန်း မြင့်တက်လာပါက ပို့ကုန်အခြေပြု အရန်ဆန်စနစ်ရှိပြီး အိတ်ရေအားဖြင့် ရှစ်သိန်းဝန်းကျင်ခန့် စုဆောင်းထားရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

"ပို့ကုန်အခြေပြုဆိုတာ ပို့ကုန် လုပ်ငန်းရှင်တွေပါဝင်တဲ့ exporter တွေရဲ့ပါဝင်မှုနဲ့ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ကျွန်တော်တို့မှာ နိုင်ငံတော် အရန်ဆန်ကဲ့သို့ပေါ့။ ပို့ကုန်အခြေပြု အရန်ဆန်ပေါ့။ ပို့ကုန်အခြေပြုဆိုတာက ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ ပါဝင်မှုနဲ့ ကျွန်တော်တို့ဆောင်ရွက်တာပါ။ Export တစ်တန် ပို့တိုင်း ပို့တိုင်းမှာ ဆန်တစ်အိတ်ပေါ့။ အရပ်စကားနဲ့ ပြောရင် တစ်တန် တစ်အိတ်ပေါ့။ ကဏ္ဍမှာရှိတဲ့ exporter တွေရဲ့ပူးပေါင်းမှုနဲ့ကျွန်တော်တို့ဆောင်ရွက်ထားပါတယ်။ အဲဒီအစီအစဉ်ကတော့ ဆန်အိတ် ရှစ်သိန်း လောက်ရှိပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည် ။

ပို့ကုန်အခြေပြု အရန်ဆန်များသည် ဧည့်မထဆန်များဖြစ်ပြီး ပြည်သူများအတွက် လုံလောက်ကောင်းမွန်သည့် အခြေအနေဖြစ်ပြီး လိုအပ်ချက်ရှိပါက ပို့ကုန်အခြေပြု အရန်ဆန်အိတ်များအား ပရဟိတအသင်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ စက်ရုံ အလုပ်ရုံများအား ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပြည်တွင်း ဆန်ဈေးတည်ငြိမ်ရေး ဦးစားပေး ဆောင်ရွက်နေမှုများကြောင့် ပြည်တွင်းဈေးကွက်အတွင်း ဆန်ပြတ်လပ်မှု မဖြစ်ပေါ်နိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

# ရန်ကုန်တွင် အလုပ်အကိုင် အခွင့်အလမ်း ၅၂၅၅ နေရာ ဖန်တီးပေးနိုင်မည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ရှစ်ခု ခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၅၂၅၅ နေရာအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှစ်ခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြုပေးလိုက်ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၉၀ သန်း တန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုပေးခဲ့ပြီး ကျပ်သန်း ၁၅၀၀ တန်ဖိုးရှိ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုကိုလည်း ရင်းနှီးမြှုပ်နှံခွင့်အတွက် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

လက်ခစား CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းအမျိုးမျိုး၊ ပြည်တွင်းတွင် ရာနှုန်းပြည့်ရောင်းချမည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဆံပင်တုအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ စက္ကူတံဆိပ်ရိုက်ခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းတွင် အသုံးပြုသည့် ပလတ်စတစ်အိတ်အမျိုးမျိုး ထုတ်လုပ် ရောင်းချခြင်း လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

ကိုတိုး - စုစည်းသည်

# ၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၃၉၆၆ တွဲရောင်းချနိုင်ခဲ့

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အုပ်စု(အေ၊ ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၃၉၆၆ တွဲ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ပြပွဲ နဝမနေ့တွင် ဖွင့်ဖောက်စစ်ဆေးထားသည့် ပြည်တွင်း ရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသော အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၄၀၆၀)မှ အတွဲအမှတ် (၄၈၀၀) အထိ ကျောက်စိမ်းအတွဲပေါင်း ၇၄၁ တွဲအနက် ကျောက်စိမ်းအတွဲပေါင်း ၇၁၄ တွဲကို ရောင်းချရကြောင်း ကြေညာခဲ့သည်။

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ အနက်မှ ပုလဲအတွဲပေါင်း ၂၀၈ တွဲကိုလည်းကောင်း၊ ကျောက်မျက်အတွဲ ပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲကို လည်းကောင်း၊ အုပ်စု (အေ နှင့် ဘီ ) တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၅၅၉ တွဲအနက်မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲကိုလည်းကောင်း၊ အုပ်စု (စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၂၂၄၁ တွဲအနက်မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၄၃ တွဲကိုလည်းကောင်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုး ဖြစ်ထွန်းမှုများ ရရှိစေရန်၊ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့ရှိ ကျောက်စိမ်း အချောထည်လုပ်ငန်းများဆောင်ရွက်လျက်ရှိသော MSME လုပ်ငန်းများအတွက် ကုန်ကြမ်းရရှိစေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



# “ကုန်ကြမ်းအနေနဲ့ကတော့ ပြည်ပကနေ တင်သွင်းတာ မရှိပါဘူး။ မြန်မာတစ်ပြည်လုံးမှာ ထွက်တဲ့ ကုန်ကြမ်းတွေကိုပဲ ယူပြီးရောင်းချတာ ဖြစ်ပါတယ်”

## တိုင်းရင်းသားဝတ်စုံထုတ်လုပ်သူ မြပုဏ္ဏမာ ကုမ္ပဏီပိုင်ရှင် ဒေါ်မိုးမြတ်သူဇာနှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားသော တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးရှိပြီး တိုင်းရင်းသား မျိုးနွယ်စုအလိုက် မတူညီသည့် ရိုးရာယဉ်ကျေးမှု ဝတ်စုံများ ကိုယ်စီရှိကြသည်။ အဆိုပါ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့်အညီ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး၏ ဝတ်စုံများအား ထုတ်လုပ်ကာ ပြည်တွင်း၊ ပြည်ပသို့ ဖြန့်ချိလျက်ရှိသည့် တိုင်းရင်းသားဝတ်စုံ ထုတ်လုပ်သူ မြပုဏ္ဏမာကုမ္ပဏီပိုင်ရှင် ဒေါ်မိုးမြတ်သူဇာနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**တိုင်းရင်းသားဝတ်စုံတွေကို ကိုယ်တိုင်ထုတ်လုပ်ဖြစ်တဲ့ အကြောင်း ပြောပြပေးပါဦး။**

တိုင်းရင်းသားဝတ်စုံတွေကို ထုတ်လုပ်ဖြစ်တာက ကျွန်မ အနေနဲ့ မြန်မာလူမျိုးတွေရဲ့ ဓလေ့ထုံးတမ်းတွေ ဝတ်စုံတွေကို သဘောကျတဲ့အတွက်ကြောင့်ပါ။ အဲဒါကြောင့်လည်း ကုမ္ပဏီ နာမည်ကို မြပုဏ္ဏမာလို့ နာမည်ပေးဖြစ်တာပါ။ ကျွန်မက တိုင်းရင်းသားဝတ်စုံတွေကိုမချုပ်လုပ်ခင်က မင်္ဂလာဝတ်စုံကို အရင်ချုပ်တာပါ။ အဲလိုနဲ့ ဆရာမတွေ ကလေးအမေတွေက ကျောင်းကပွဲအတွက် တိုင်းရင်းသားဝတ်စုံကို လာချုပ်ပြီး ဝယ်ကြတယ်။အဲဒီကနေစပြီး ဈေးကွက်ထဲမှာ ရောင်းချပေးပြီးတော့ တိုင်းရင်းသားဝတ်စုံတွေကို ချုပ်ရတာ စိတ်ဝင်စားလာတယ်။ တိုင်းရင်းသားရှစ်မျိုးရဲ့ ဝတ်စုံတွေကို အရင်ထုတ်ဖြစ်တယ်။ ဒီရှစ်မျိုးက ကျောင်းကပွဲတွေမှာအဓိကထားပြီး ချုပ်ရတယ်။ နောက်ပိုင်း နိုင်ငံတော်အဆင့်ပွဲ၊ ရုပ်ရှင်နဲ့ အနုပညာအသင်းရဲ့ပွဲ ပြီးတော့ Miss ပွဲတွေနဲ့ အငြိမ့်ဇာတ်သဘင် ပွဲဘက်က မှာတာတွေကြောင့် ဈေးကွက်ရှိလာတယ်။ ကျန်တဲ့ တိုင်းရင်းသားတွေဖြစ်တဲ့ ပလောင်၊ လီဆူး၊ ပအိုဝ်းလူမျိုးတွေရဲ့ အော်ဒါအမှာတွေ တက်လာတဲ့အတွက်ကြောင့် ကိုယ်တိုင်စမ်းသပ်ကြည့်တယ်။ နောက် ရန်ကုန်မြို့မှာ ကျင်းပသွားခဲ့တဲ့ သွေးချင်းတို့ပွဲတော်မှာလည်း တိုင်းရင်းသား ၁၃၅ မျိုး ရိုးရာဝတ်စုံရဲ့ အချက်အလက်တွေ ရလာတယ်။ နောက်အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်တို့ကိုသွားပြီး လေ့လာတယ်။ ပအိုဝ်းတိုင်းရင်းသားအသင်းတွေဆီ သွားရောက်လေ့လာပြီးတော့ အဲဒီက တာဝန်ရှိတဲ့သူတွေနဲ့ စကားပြောတယ်။ အဲလိုနဲ့ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးဝတ်စုံရဲ့ အချက်အလက်တွေ ဆောင်ရန်၊ ရှောင်ရန်လေးတွေ သိလာရတယ်။ အခုလိုမျိုး လေ့လာခဲ့တဲ့အတွက် အခုလိုတိုင်းရင်းသားဝတ်စုံတွေကို ယုံကြည်မှုရှိရှိ ထုတ်လုပ်နိုင်ခဲ့ပါတယ်။

**ဒီလုပ်ငန်းကို ဘယ်တုန်းကတည်းက စတင် တည်ထောင်ဖြစ်ခဲ့တာပါလဲ။**

ဒီလုပ်ငန်းကို ၂၀၁၈ ခုနှစ်ကစတင်ပြီးတော့ တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ အခုဆိုရင် ခြောက်နှစ်ရှိပြီပေါ့နော်။ တိုင်းရင်းသားဝတ်စုံက ပြည်တွင်းဈေးကွက်ဖြစ်တဲ့ မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနဲ့ အထက်တန်းကျောင်းတွေက ဆရာမတွေ ကလေး မိဘတွေကလည်း လာရောက်အားပေးကြတယ်။ နိုင်ငံတကာကျောင်းတွေကလည်း မှာယူပါတယ်။ ပြည်ပဈေးကွက်က



တော့ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား စတဲ့နိုင်ငံတွေမှာ ရောက်ရှိနေတဲ့သူတွေက ဝတ်ဆင်ချင်တာရှိရင် တိုက်ရိုက်ပို့ပေးပါတယ်။

**တိုင်းရင်းသားဝတ်စုံတွေကို ချုပ်လုပ်တဲ့အခါမှာ ဘယ်လိုပုံစံမျိုးနဲ့ ချုပ်လုပ်တယ်ဆိုတာလည်း သိပါရစေ။**

တိုင်းရင်းသားဝတ်စုံတွေကို ချုပ်လုပ်တဲ့နေရာမှာ နှစ်ပိုင်းရှိပါတယ်။ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု မပျောက်ပျက်အောင် သူ့ရဲ့ လုပ်ထုံးလုပ်နည်းတွေဖြစ်တဲ့ မှားလို့မရတဲ့ အရောင်တို့၊ ကာလာစပ်တာတို့မှာ ဆောင်ရန် ရှောင်ရန်လေးတွေကိုအဓိကထားပြီးတော့ ရိုးရာအတိုင်းလုပ်ပေးတယ်။ နောက်တစ်ပိုင်းက Miss ပွဲတွေမှာတော့ ဒီဇိုင်းဆန်းသစ်တီထွင်ချင်တယ်ဆိုရင် ၁၀၀ ရာခိုင်နှုန်း ဆန်းသစ်တီထွင်ပြီးတော့ မလုပ် ပေးပါဘူး။ ဘာလို့လဲဆိုတော့ ရိုးရာတွေက ပျောက်ပျက်လို့မရဘူး။ ဆန်းသစ်တီထွင်လို့မရဘူး။ အနည်းဆုံး မူလပုံစံကို ၈၀ ရာခိုင်နှုန်း မပျက်အောင်ထားပြီး ၂၀ ရာခိုင်နှုန်းလောက်ပဲ တီထွင်ပေးတာ ဖြစ်ပါတယ်။

**အခုလိုမျိုး တိုင်းရင်းသားဝတ်စုံတွေကို ချုပ်လုပ်တဲ့နေရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေရှိရင် ပြောပြပေးပါဦး။**

အခက်အခဲဖြစ်တဲ့ဝတ်စုံကတော့ ချုပ်လုပ်တပ်ဆင်ရတာများတဲ့ဝတ်စုံပါ။ ပစ္စည်းတွေကို ပုံစံတူအောင် လုပ်ရပါတယ်။ အစစ်ကိုမှ ဝတ်ဆင်ချင်တယ်ဆိုရင်လည်း အဲဒီဒေသမှာရှိတဲ့ တိုင်းရင်းသားတွေဆီက ပစ္စည်းတွေကိုမှာပြီးတော့ သေချာလေး ဆောင်ရွက်ပေးပါတယ်။ ချင်းဝတ်စုံမှာဆိုရင် အောက်ချင်ငှက်

**တိုပ္ပ**

ရဲ့ ခြေသည်းတို့ကို သုံးရတာတွေရှိတယ်။ တချို့ပိတ်စတွေ ဆိုရင် သိုးမွေးအစစ်တွေပါ တာတွေရှိတယ်။ အဲဒါကြောင့်ပါ။ နောက်ပြီး ကျွန်မအနေနဲ့ကတိုင်းရင်းသားဝတ်စုံတွေကို တန်ဖိုးထားတယ်။ အဲလို တန်ဖိုးထားပြီး ချုပ်လုပ်တဲ့အတွက် တိုင်းရင်းသားလူမျိုးတွေကလည်း နှစ်သက်ကြတယ်။ ကျောင်းကပွဲတွေမှာ သူတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေကို ချပြခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ကြတယ်။ တချို့ တိုင်းရင်းသားတွေကလည်း ကျွန်မကို အကြံပေးတာတွေရှိပါတယ်။ သူတို့ရဲ့ အကြံပြုချက်တွေကိုလည်း အမျိုးသားစာကြည့်တိုက်က စာတမ်းတွေနဲ့တိုက်ပြီးစစ်တယ်။ အကုန်လုံးကို စိစစ်ပြီးတော့ သက်ဆိုင်တဲ့လူကြီးတွေကိုမေးမြန်းပြီး ပြင်ဆင်ပါတယ်။ ပြီးရင် ပြင်သင့်တာကို ပြုပြင်ပြီး တော့ ဆောင်ရွက်ပါတယ်။

**ဝတ်စုံတွေအတွက် ကုန်ကြမ်းရရှိမှုအခြေအနေလေး ပြောပြပေးပါဦး။**

ကုန်ကြမ်းအနေနဲ့ကတော့ ပြည်ပကနေ တင်သွင်းတာ မရှိပါဘူး။ မြန်မာတစ်ပြည်လုံးမှာထွက်တဲ့ ကုန်ကြမ်းတွေကိုပဲယူပြီး ရောင်းချတာဖြစ်ပါတယ်။ နောက်တစ်ခုက တစ်ဆင့်ခံရောင်းချမှုမျိုးမဟုတ်ဘဲနဲ့ ကိုယ်တိုင်ချုပ်လုပ်ရောင်းချတဲ့အတွက် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းတွေလည်း ဖန်တီးပေးနိုင်ပါတယ်။ ကုန်ကြမ်းရရှိမှုက ပြည်တွင်းကပဲ မှာယူရတာဖြစ်တဲ့အတွက် အခက်အခဲတော့ မရှိပါဘူး။ ဒါပေမယ့် လမ်းပန်းဆက်သွယ်ရေးကြောင့် အနည်းငယ် ကြန့်ကြာတာပဲရှိတယ်။ လိုသလောက် မှာယူနိုင်တဲ့အတွက် အခက်အခဲတော့မရှိပါဘူး။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

အခုနောက်ပိုင်းမှာ တိုင်းရင်းသားရိုးရာ ဝတ်စုံလေးတွေကို အရည်အသွေးမြင့်ထုတ်ကုန်တွေအနေနဲ့ ရောင်းချနေတာ တွေ့ရတော့ ဝမ်းသာတယ်။ အခုဆိုရင် ဈေးကွက်အနေအထားက သိသိသာသာကြီးကို တိုးတက်လာတယ်။ မြန်မာလူမျိုးတွေက တိုင်းရင်းသား ဝတ်စုံတွေကို တန်ဖိုးထားကြတယ်လေ။ ကျွန်မတို့ ဆိုင်ကတော့ မြောက်ဥက္ကလာပ မြို့နယ်က မြန်မာလက်မှု အနုပညာစင်တာ၊ နောက်ဗိုလ်ချုပ်ဈေးနဲ့ ရှမ်းပြည်နယ်၊ အောင်ပန်းမြို့တွေမှာလည်း ဖွင့်လှစ်ထားပါတယ်။ ပြည်ပကနေ မှာယူချင်တယ်ဆိုရင်လည်း ပို့ဆောင်ပေးလျက်ရှိပါတယ်။

> **အခုနောက်ပိုင်းမှာ တိုင်းရင်းသားရိုးရာ ဝတ်စုံလေးတွေကို အရည်အသွေးမြင့် ထုတ်ကုန်တွေအနေနဲ့ ရောင်းချနေတာ တွေ့ရတော့ ဝမ်းသာတယ်။ အခုဆိုရင် ဈေးကွက်အနေအထားက သိသိသာသာကြီးကို တိုးတက်လာတယ်။ မြန်မာလူမျိုးတွေက တိုင်းရင်းသား ဝတ်စုံတွေကို တန်ဖိုးထားကြတယ်လေ။**



# MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ကြပါစို့

မြန်မာနိုင်ငံတွင် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းရှင်များသည် အရေးပါသောကဏ္ဍတစ်ခုအဖြစ် ပါဝင်သည်။ မြန်မာနိုင်ငံအနေဖြင့် MSMEs လုပ်ငန်းများဖြစ်သော ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍတွင် ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး လုပ်သားအင်အားအများစုကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပေးထားကြောင်း သိရသည်။ နိုင်ငံတော်အစိုးရမှလည်း MSMEs လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိရာ မြို့၊ ရွာ၊ ရပ်ကွက်များတွင် တစ်နိုင်၊ တစ်ပိုင် စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် ဒေသထုတ်ကုန်များအား ထုတ်လုပ်၍ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

ပြည်ခရိုင်အနေဖြင့် MSMEs လုပ်ငန်းရှင်ပေါင်း ၅၀ ကျော်ရှိရာ စားသောက်ကုန်ကို အခြေခံသည့် လုပ်ငန်းရှင်မှာ များစွာရှိပြီး လူသုံးကုန်လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းလုပ်ငန်းမှာ အနည်းငယ်သာရှိသည်။ ထို့ကြောင့် MSMEs လုပ်ငန်းများတွင် စားသောက်ကုန်လုပ်ငန်းများက အများဆုံးလွှမ်းမိုးလာသည်ကို တွေ့ရသည်။ စားသောက်ကုန်များ အဓိကဦးစားပေးထုတ်လုပ်လာမှုကြောင့် ကျန်ကုန်ကြမ်းပစ္စည်းများဖြစ်သော သစ်တောထွက် ဝါးများ၊ သစ်များ၊ ကြိမ်များ၊ ရေထဲတွင်ပေါက်ရောက်သော ဗေဒါရိုးများအား လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှု နည်းနေ ကြောင်း တွေ့ရသည်။

သဘာဝကထွက်ရှိသော ဝါးကုန်ကြမ်းကို လူ့အသုံးအဆောင်များဖြစ်သော ကုလားထိုင်၊ စားပွဲ စသော လူသုံးကုန်များကို တန်ဖိုးမြင့် ထုတ်လုပ်ခြင်း၊ သစ်ကိုလည်းထို့အတူ ပန်းပွတ်လုပ်ငန်းများပြုလုပ်၍ လူ့အသုံးအဆောင်ပစ္စည်း အများအပြားကိုလည်းကောင်း၊ ကြိမ်ကိုလည်း လူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်၍ လည်းကောင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ထိုသို့ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်များကို အဆင့်မြှင့်တင် ထုတ်လုပ်၍ ဈေးကွက်များ၊ ဈေးရောင်းပွဲတော်များတွင် ရောင်းချမည်ဆိုပါက လူသိများပြီး ပြည်တွင်းဈေးကွက်တွင်သာမကဘဲ ပြည်ပဈေးကွက်အထိပါ ထိုးဖောက်ဝင်ရောက်နိုင်ပြီး လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။ ထို့ပြင် စွန့်ပစ်ပစ္စည်းဖြစ်သော ဗေဒါရိုးကိုလည်း တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိရာ ထိုမှတစ်ဆင့် ဗေဒါရိုးကို ကြာရှည်အထားခံပြီး ပို၍ အဆင့်မြင့်တင်ကာ လူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်လာနိုင်ပါက အမှိုက်ထဲက ရွှေဖြစ်လာနိုင်မည်ဖြစ်သည်။ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ ကုန်စည်ပြပွဲများ ကျင်းပပေးခြင်း၊ ပြိုင်ပွဲများ ကျင်းပ၍ ဆုများချီးမြှင့်ခြင်း၊ နည်းပညာများ ဖြန့်ဝေပေးခြင်း၊ ငွေကြေးအထောက်အပံ့များပေးခြင်းများဖြင့် နိုင်ငံတော်မှ ကူညီပံ့ပိုးမြှင့်တင်ပေးလျက်ရှိသည်။

ထို့ကြောင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စားသောက်ကုန်လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်သည့်အပြင် အခြားသော သစ်တောထွက် ပစ္စည်းသယံဇာတများကိုလည်း တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် တိုးတက်ထုတ်လုပ်သွားမည်ဆိုလျှင် အစားအသောက်လုပ်ငန်းထက် သဘာဝ သယံဇာတများကို တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းမှာ ပြည်ပဝင်ငွေများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ဝေဝေမင်း(ပြည်)**





# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ငါးရှဉ့်ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး ချောင်း၊ အင်းအိုင်များမှ သဘာဝအတိုင်း ရှာဖွေဖမ်းဆီးပြီး ဖမ်းဆီးရရှိသော ဒေသထွက်ကုန် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိသည်။

မအူပင်မြို့နယ်မှ ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။ စက်တင်ဘာလအတွင်း ရန်ကုန်သို့ ငါးရှဉ့် ပိသာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးရှဉ့်ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

မအူပင် ထနီး၊ မလက်တို၊ ရေလဲ၊ အောင်ဟိတ်၊ စစ်ချောင်း၊ နတ်စဉ်၊ ငါးဖားအိုင် ကျေးရွာဘက်တို့မှ တစ်နေ့လျှင် ငါးရှဉ့် ပိသာချိန် ၁၅၀၀ မှ ၂၀၀၀၊ ၂၅၀၀ ပိသာထိ ဝယ်ယူရရှိကြောင်း၊ ငါးရှဉ့်ဆိုဒ်အမျိုးအစားမခွဲခြားဘဲ ဝယ်ယူပြီး ရန်ကုန်သို့ တင်ပို့ကာ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအား ကောင်းလာကြောင်း သိရသည်။

ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ ဆက်လက်ဖြန့်ဖြူးရောင်းချကြောင်း၊ ရန်ကုန်မြို့ ငါးရှဉ့်ဒိုင်ကြီးများက ပြည်တွင်း၊ ပြည်ပ ဈေးကွက်ထိ တင်ပို့နေကြောင်း သိရသည်။ မအူပင်မြို့နယ်တွင် အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့်ဈေးနှုန်းမှာ ၁၀ ပိသာလျှင် ကျပ် ၁၃၅၀၀၀ မှ ၁၅၀၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း၊ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် ပေါက်ဈေးမှာ ငါးရှဉ့်တစ်ပိသာလျှင် ကျပ် ၁၉၀၀၀-၂၀၀၀၀ ထိ ဈေးပေါက်၍ ဈေးကောင်းရနေကြောင်း သိရသည်။

လာမည့်လများတွင်လည်း ပိသာချိန် ပိုမိုရရှိနိုင်ကြောင်း ငါးရှဉ့်ရောင်းဝယ်ရေးလုပ်ကိုင်သူက ပြောသည်။ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သဇင်(မအူပင်)**



# ကော့သောင်းမြို့၏ ရေထွက်ကုန် ငါးခြောက်လုပ်ငန်း

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကော့သောင်းခရိုင် ကော့သောင်းမြို့သည် ရေပတ်လည် ဝန်းရံလျက်ရှိသော ကျွန်းပေါ်တွင် တည်ဆောက်ထားသည့် မြို့လေးတစ်မြို့ဖြစ်သည်။ မြို့ပေါ်နေ လူအများစုသည် ရေလုပ်ငန်းကို အများဆုံး လုပ်ကိုင်လျက်ရှိသည်။

ကော့သောင်းမြို့နယ်ရှိ ပင်လယ်ရွာဟုခေါ်သည့် ကျေးရွာများတွင် ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်ရေးကို ဒေသ၏ စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိရာ ငါးခြောက်လုပ်ငန်းသည်လည်း စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ငါးခြောက်လုပ်ကိုင်ရာ တွင် ငါးမျိုးစုံကိုအသုံးပြုလျက်ရှိရာ ထိုငါးများထဲမှ ငါးကွမ်းရှပ်ခြောက်၊ ငါးရောင်ခြောက်၊ ငါးအူကြီးခြောက်နှင့် ဘဲလိပ်ခြောက်တို့သည် ဈေးကောင်းရသဖြင့် အများဆုံး လုပ်ကိုင်ကြသည်။ ထို့ပြင် အခြားငါးအသေးများထဲမှလည်းဈေးကွက်ဝင်သော ငါးခြောက်များရှိသဖြင့် ငါးခြောက်လုပ်ငန်းသည် ရေလုပ်ငန်း လုပ်ကိုင်သူများအတွက်များစွာ ဝင်ငွေရရှိစေသည်။

ကော့သောင်းမြို့ပေါ်ရှိ ဈေးများတွင် ရောင်းချလျက်ရှိသော ငါးခြောက်ဈေးနှုန်းများမှာ နိုဝင်ဘာလနောက်ဆုံးပတ်တွင် ငါးကွမ်းရှပ် တစ်ပိသာလျှင် ကျပ် ၆၀၀၀၀-၆၅၀၀၀၊ ငါးရောင်ခြောက် တစ်ပိသာလျှင် ကျပ် ၄၀၀၀၀-၄၅၀၀၀၊ ငါးအူကြီးခြောက် တစ်ပိသာလျှင် ကျပ် ၆၀၀၀၀-၆၅၀၀၀ ၊ ဘဲလိပ်ခြောက် တစ်ပိသာလျှင် ကျပ် ၅၀၀၀၀-၅၅၀၀၀ ဖြစ်သည်။

**စားသုံး (ကော့သောင်း)**

# ကျန်းမာရေးအတွက် အသုံးဝင်သည့် မြန်မာ့သင်ဖြူးဖျာ

**စန္ဒာစိုးလွင်**

သင်ဖြူးဖျာသည် မြန်မာနိုင်ငံ ရာသီဥတုနှင့် ကိုက်ညီမှုရှိသည့်အတွက် ကျန်းမာရေးနှင့်လည်း ညီညွတ်သည်။ ထို့ပြင် မြန်မာ့ရိုးရာ အလှူ ကထိန်၊ မင်္ဂလာပွဲများတွင် မရှိမဖြစ် ပါဝင်သည့် ကုန်စည်တစ်ခုလည်းဖြစ်သည်။ သင်ပင်စိုက်ပျိုးခြင်းနှင့် သင်ဖြူးဖျာ ရက်လုပ်သည့်လုပ်ငန်းသည် အကျိုးခံစားခွင့်ရရှိရန် စောင့်ဆိုင်းရသည်မှာ အချိန်ကြာမြင့်သည်ဟု ထင်မှတ်ဖွယ်ရာရှိသော်လည်း ရေရှည်အကျိုး ခံစားခွင့်ရနိုင်သည့် လုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ထို့ပြင် စီးပွားရေးဈေးကွက်အနေဖြင့်လည်း ဈေးကွက်တစ်ခုရရှိနေသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ဒေသထွက် ထုတ်ကုန်များ တိုးတက်လာရေး၊ ပြည်ပသွင်းကုန် အစားထိုးသုံးစွဲနိုင်ရေး၊ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ရေး ဦးတည်၍ တိုးချဲ့လုပ်ကိုင်သင့်သည့် လုပ်ငန်းတစ်ခုဖြစ်သည်။

သင်ဖြူးဖျာရက်လုပ်ရာတွင် အသုံးပြုသော သင်အူပင်ကို ဧရာဝတီတိုင်းဒေသကြီး မြေနုကျွန်းများပေါ်တွင် အဓိကစိုက်ပျိုးကြသည်။ သင်ပင်အုပ်စုသည် ချုံပုတ်၊ ချုံနွယ်ယောင်ပင်ဖြစ်ကာ ပင်စည်ပျော့ပင်များ ဖြစ်ကြသည်။ သင်ပင်များကို ရှစ်ပေခြား၊ တန်းခြား ၁၀ ပေခန့် စိုက်ပျိုးလေ့ရှိကြသည်။ စတင်စိုက်ပျိုးပြီး ငါးနှစ်ကြာလျှင် စတင်ခုတ်ယူနိုင်ပြီး နောက်ပိုင်းတွင် သုံးနှစ်တစ်ကြိမ် ခုတ်ယူကြသည်။ အပင်သက်သက်တမ်းမှာ နှစ် ၂၀ ကျော်မှ ၃၀ အထိ ရှိကြသည်။ အပင်စိုက်ပြီး ပုံမှန်ပေါင်းရှင်းမှုများပြုလုပ်ပြီး ၃ နှစ်ကြာလျှင် အပင်ကြားရှိ အလို အပင်ငယ်များရှင်းအောင် ဖယ်ရှားပေးရသည်။ အပင် နှစ်ဆင့်ဆိုသည်မှာ ပုံမှန်အမြင့်မှ နောက်ထပ် တစ်ဆင့် မြင့်တက်သွားသော အပင်ကိုဆိုလိုပြီး ထိုကဲ့သို့သော အပင်များများရလေ ခုတ်ရောင်းချိန်၌ ဈေးပိုရလေဖြစ်သည်။ အထူးခြားဆုံးတစ်ချက်မှာ ပိုးသတ်ဆေး၊ မှိုသတ်ဆေး ကိုင်တွယ်ဖြေရှင်းမှု အလွန်နည်းပါးပြီး ရံဖန်ရံခါ ပေါင်းသတ်ဆေး အနည်းငယ်ကို ဖျန်းပေးရုံမှအပင် ဆေးကိုင်တွယ်ဖြေရှင်းမှု သက်သာလှသည်။

သင်ပင်သည် အခြားသောစပါး၊ ပဲစသော အသီးအနှံမျိုးတို့ကဲ့သို့ အမျိုးအစားမကွဲပြားဘဲ အပင်သက်အနုအရင့်ကိုလိုက်၍ သင်ခွံ၊ သင်ကြောအမာ အပျော့ကွဲပြားမှု အနည်းငယ်သာ ရှိလေသည်။ သင်ပင်ကို စိုက်ပျိုးပါက ငှက်ပျောပင်၊ ဝါးပင်တို့ကဲ့သို့ စိုက်ရသည်။ သင်ပင်များသည် မိုးရာသီ၌ တောအထူဆုံးဖြစ်၍ ချုံကြီးများအဖြစ်ပေါက်ရောက်ကြသည်။ သို့ဖြစ်၍ စိုက်ပျိုးသည့်အခါ တစ်ပင်နှင့်တစ်ပင်ကို သုံးပေခန့်အကွာအဝေးထား၍ စိုက်ပျိုးကြသည်။

လုပ်သားခိုင်းစေမှုအနေဖြင့် အပင်ငယ်စဉ်သာ ပေါင်းရှင်းမှု လိုအပ်ပြီး နှစ်နှစ်ကျော် အပင်အရွယ်အလိုက် ကြားတက်များရှင်းပေးရုံသာလိုအပ်သဖြင့် လုပ်သားစရိတ်ကုန်ကျမှု အလွန်နည်းပါးသည်။ မြေသြဇာအနေဖြင့် မိုးကျတစ်ကြိမ်ထည့်သွင်းပေးပါက လုံလောက်သည်။ ကြားသီးနှံအဖြစ် အစေ့ထုတ်ပြောင်း၊ ပြောင်းချို၊ နှံစား ပြောင်း၊ ပဲအမျိုးမျိုးတို့ကို သင်ပင်ငယ်စဉ် စိုက်ပျိုးနိုင်ပြီး မြေသြဇာကို ကြားသီးနှံများကိုကျွေးခြင်းဖြင့် သင်ပင်အတွက်ပါ အကျိုးခံစားရစေသည်။

သင်ဖြူးဖျာများ ရက်လုပ်ရာ၌ နည်းလမ်း (၆)နည်းကို အခြေခံ၍ လုပ်ဆောင်ကြသည်။ ၎င်းတို့မှာ လိပ်ပြာတောင်ရက်နည်း၊ လက်သည်းစောင်းရက်နည်း၊ ဆန်ခါပေါက်ရက်နည်း၊ ခုန်ညင်းနွယ်ရက်နည်း၊ ကြက်လျှာရက်နည်း၊ မိချောင်း ရက်နည်းတို့ဖြစ်ကြသည်။ သင်ဖြူးဖျာများကို အရွယ်အစား အမျိုးမျိုးဖြင့် ရက် လုပ်ကြသည်။ အရွယ်အစား အနုအချောကိုလိုက်၍ ဈေးနှုန်းသည်လည်း အမျိုးမျိုးရှိရာ ကတ္တီပါ၊ အခြားသောအစများဖြင့် အနားကွပ်၍ ပြုလုပ်ထားသည့် သင်ဖြူး ဖျာများသည် ခိုင်ခံ့ရုံသာမက သပ်ရပ်မှုလည်းရှိသည်။

သင်ဖြူးဖျာများသည်ရက်လုပ်ပြီးစတွင် အရောင် ဖြူဖွေးနေသော်လည်း နှစ်လရှည်ကြာလာလျှင် အရောင်နီလာသည်။ သင်ဖြူးဖျာရက်လုပ်ခြင်းသည် ဝင်ငွေကောင်းသော အိမ်တွင်းမှုလုပ်ငန်းတစ်မျိုးလည်းဖြစ်သည်။ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ရှင်ပြုရဟန်းခံ၊ မင်္ဂလာဆောင်တို့၌ သင်ဖြူးဖျာသည် မပါမဖြစ်သော အသုံးအဆောင်တစ်ရပ်ဖြစ်လေရာ လူသုံးများသော ပစ္စည်းဖြစ်၍ ဝင်ငွေကောင်းသည့် လုပ်ငန်းတစ်မျိုးဖြစ်သည်။ ပန်းတနော်၊ ဓနုဖြူ လေးမျက်နှာ၊ ဟင်္သာတ၊ မအူပင်မြို့နယ်များသည် မြန်မာနိုင်ငံ အတွင်းတွင် သင်ဖြူးဖျာထွက်ရှိသည့် အဓိကမြို့များဖြစ်သည်။

သင်ခြံတစ်ဧကလျှင် ငါးနှစ်သားအရွယ်တွင် ကျပ် ၁၂ သိန်းမှ ၁၅ သိန်းအထိရရှိပြီး နောက်ပိုင်းတွင်မူ သုံးနှစ်တစ်ကြိမ် ထုတ်ယူရောင်းချနိုင်သည်။ ထိန်းသိမ်းစောင့်ရှောက်မှု ကောင်းလျှင် ကောင်းသလို အထွက်နှုန်းတိုးပြီး ဝင်ငွေအတွက် မြေဧကများများ ရှိသူများအဖို့ ပြုလုပ်တည်ထောင်သင့်သော လုပ်ငန်းတစ်ခုဖြစ်သည်။

သင်ပင်များစိုက်ပျိုးခြင်းဖြင့် ဧရာဝတီကဲ့သို့သော ဒေသများအတွက် မြေကမ်းပါး တိုက်စားခြင်း၊ မြစ်ကမ်းပါးပြိုခြင်းတို့ကို ထိန်းသိမ်းပေးသည့်အပြင် ပတ်ဝန်းကျင် ဂေဟစနစ်ကိုလည်း



ထိန်းညှိပေးသည့် အပင်မျိုးဖြစ်သည်။ ထို့ပြင် ရေပျော်ငှက်ကလေးများနေထိုင်ရာ အပင်လည်း ဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မြေဆီလွှာထိန်းချုပ်ရေးတို့တွင် အရေးပါသည့် အပင်တစ်မျိုးလည်းဖြစ်သည်။

မြန်မာ့ရိုးရာသင်ဖြူးဖျာများသည် စက်အင်အားမပါဘဲ လူတို့၏ အင်အားဖြင့် ရက်လုပ်ရသည့် Hand made စစ်စစ်ဖြစ်သည်။ ရေရှည်အသုံးခံပြီး ကျန်းမာရေးနှင့်ညီညွတ်သဖြင့် ရှေးယခင်နှစ် များစွာမှစ၍ ယနေ့တိုင်အောင် ကာလကြာရှည်စွာ တည်တံ့လျက်ရှိသည်။ သင်ဖြူးဖျာများကို နေရာအနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိပြီး မကွေးတိုင်းဒေသကြီးအတွင်းတွင် ရောင်းချလျက်ရှိသော လက်လီဈေးနှုန်းဈေးကွက်မှာ အနားကွပ်ထားသော တစ်ယောက်အိပ် အနံ ၂ ပေခွဲ၊ အလျား ၅ ပေခွဲ တစ်ချပ်လျှင် ကျပ် ၂၃၀၀၀၊ အလျား ၅ ပေခွဲ အနံ ၃ပေ တစ်ချပ်လျှင် ကျပ် ၂၅၀၀၀၊ အလျား ၆ ပေ အနံ ၃ ပေခွဲ တစ်ချပ်လျှင် ကျပ် ၃၁၀၀၀၊ အလျား ၆ ပေ အနံ ၄ ပေခွဲတစ်ချပ်လျှင် ကျပ် ၄၀၀၀၀၊ အလျား ၆ ပေခွဲ၊ အနံ ၆ ပေ တစ်ချပ်လျှင် ကျပ် ၇၀၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန ဖုန်း-၀၁ ၃၈၅၃၂၃ အီးမေးလ်-mitcmyantrade@gmail.com
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း-၀၁ ၉၆၆၉၉၅၉ အီးမေးလ်-mhcyangon@gmail.com

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ဆန်တန်ချိန် ၇၀၀၀၀ တင်သွင်းမည်ဟု သီရိလင်္ကာဝန်ကြီး ပြောကြား

သီရိလင်္ကာနိုင်ငံတွင် စားသုံးသူများ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူနိုင်ရန်နှင့် ဆန်ထုတ်လုပ်မှု လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် အစိုးရ၏ ကြိုးပမ်းမှုများအနက် တစ်ခုအနေဖြင့် Nadu အမျိုးအစား ဆန်တန်ချိန် ၇၀၀၀၀ ကို တင်သွင်းသွားမည်ဟု ကူးသန်းရောင်းဝယ်မှု၊ စားနပ်ရိက္ခာဖူလုံမှုနှင့် သမဝါယမ ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Wasantha Samarasinghe က ကြေညာခဲ့ကြောင်း သိရသည်။

ဝန်ကြီး Wasantha Samarasinghe က သီရိလင်္ကာအနေဖြင့် စပါးရာသီနှစ်ခုမှ နှစ်စဉ် စပါးတန်ချိန် ၄ဒသမ၈ သန်းခန့်ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာတွင် Nadu အမျိုးအစား စပါးတန်ချိန် ၃ဒသမ၁ သန်းခန့် ပါဝင်ကြောင်း၊ ၎င်းစပါးကို ဆန်အဖြစ်ကြိတ်ခွဲမှုမှ တန်ချိန် ၂ဒသမ၁ သန်းခန့်ထွက်ရှိကြောင်း၊ အဆိုပါဆန်အမျိုးအစားအား လစဉ် ပျမ်းမျှစားသုံးမှုမှာ တန်ချိန် ၁၄၀၀၀၀ ခန့်ရှိကြောင်း၊ ဆန်ပိုလျှံမှုမှာ တန်ချိန် ၁ဒသမ၀၄ သန်းခန့်ရှိသော်လည်း ပြည်တွင်းဈေးကွက်အတွင်း ဆန်လိုအပ်ချက်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိကြောင်း၊ ဈေးနှုန်းထိန်းချုပ်မှုကို လုပ်ကိုင်လျက်ရှိသော်လည်း တောင်သူလယ်သမားများအနေဖြင့် သတ်မှတ်ဈေးနှုန်းများနှင့်အညီ ၎င်းတို့၏ စပါးများကို ရောင်းချနိုင်ခြင်း




မရှိသဖြင့် စားသုံးသူများအတွက် ဈေးကွက်၌ ၎င်းဈေးနှုန်းဖြင့် ဆန်ဝယ်ယူရရှိနိုင်မှု မရှိကြောင်း၊ ပိုလျှံမှုရှိသည့် ဆန်များအနက်မှ အချို့ကို ရမ်နှင့် ဘီယာထုတ်လုပ်သည့် အသေးစားစက်မှု လုပ်ငန်းများတွင်သာ အသုံးပြုမှုရှိပြီး ဈေးကွက်အတွင်း အကြောင်းရင်း မဖော်ပြနိုင်သည့် ဆန်ပမာဏများစွာ ကျန်ရှိနေသေးကြောင်း၊ ယင်းကဲ့သို့ မညီမျှမှုသည် စားသုံးသူများအတွက် ဆန်လိုအပ်ချက်ကို ဖြစ်ပေါ်စေပြီး ဇန်နဝါရီလ စပါးရိတ်သိမ်းချိန် မတိုင်မီ၌ ဆန်ဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေကြောင်း၊ အစိုးရအနေဖြင့် ဒေသခံလယ်သမားများကို ထောက်ပံ့ခြင်းနှင့် ဆန်လိုအပ်ချက်ကို ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဟန်ချက်ညီအောင် အားထုတ်ကြိုးပမ်းလျက်ရှိကြောင်းဖြင့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

အဆိုပါ အကျပ်အတည်းကို ဖြေရှင်းရန်အတွက် အစိုးရအနေဖြင့် နိုင်ငံပိုင် ကုမ္ပဏီနှစ်ခုဖြစ်သော Sathosa နှင့် State Trading Corporation တို့မှတစ်ဆင့် ဆန်တင်သွင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီနှစ်ခုအနေဖြင့် ဒီဇင်ဘာ ၁၅ ရက်မတိုင်မီ ဆန်တန်ချိန် ၇၀၀၀၀ တင်သွင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တင်သွင်းလာသည့်ဆန်များကို စားသုံးသူများ ဈေးနှုန်း သင့်တင့်စွာဖြင့် ဝယ်ယူနိုင်ရေးအတွက် တစ်ကီလိုဂရမ်လျှင် သီရိလင်္ကာရူပီးငွေ ၂၂၀ နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံတွင် ဇန်နဝါရီလလယ်ပိုင်း၌ စတင်မည့် မဟာသီးနှံရာသီ စပါးရိတ်သိမ်းချိန်အတွက် ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိပြီး အစိုးရအနေဖြင့် ဆန်ထုတ်လုပ်မှု ကွင်းဆက်တည်ငြိမ်စေရန်နှင့် နိုင်ငံသားအားလုံးအတွက် ဆန်လုံလောက်သည့် ဈေးကွက်ဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း သီရိလင်္ကာ News First သတင်းဌာနက ဖော်ပြထားသည်။

**Source : News First, 20-11-2024**

**ပိုးဇာခြည်၊ DOCA**

## စားအုန်းဆီ ရေရှည်တည်ငြိမ် ဖူလုံမှုရှိရေးသည် စွမ်းအင်ဖူလုံမှုအတွက် အဓိကသော့ချက်ဖြစ်

အင်ဒိုနီးရှား စစ်ဆေးရေးအရာရှိတစ်ဦးဖြစ်သူ Yeka Hendra Fatika က နိုင်ငံ၏ စွမ်းအင်ဖူလုံရေးပရိုဂရမ်၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် ဘိုင်အိုဒီဇယ်အသုံးပြုမှုကိုပံ့ပိုးရန် ရေရှည်တည်ငြိမ်ဖူလုံမှုရှိသော စားအုန်းဆီလုပ်ငန်းအတွက် စီမံအုပ်ချုပ်မှုစနစ် လိုအပ်ကြောင်း နိုဝင်ဘာ ၁၈ ရက်က ဂျကာတာမြို့တွင် ပြုလုပ်ခဲ့သော စားအုန်းဆီဆိုင်ရာ ဝန်ဆောင်မှုရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဘိုင်အိုဒီဇယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် စားအုန်းဆီ စိုက်ခင်းများ အောင်မြင်မှုအပေါ် အလွန်မှီခိုနေကြောင်းနှင့် စွမ်းအင်နှင့် သယံဇာတအရင်းအမြစ်ဝန်ကြီးဖြစ်သူBahilil Lahadalia အနေဖြင့် စွမ်းအင်ဖူလုံမှုရှိရေးအတွက် ဘိုင်အိုဒီဇယ်မူဝါဒတွင် တိုးတက်မှုရရှိရန် ဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။ ကုန်ကြမ်းပစ္စည်းဖြစ်သော B40 နှင့် B50 ဘိုင်အို ဒီဇယ်ပရိုဂရမ်အတွက် စားအုန်းဆီစိမ်းဖူလုံမှုရှိရေးနှင့် ထုတ်လုပ်မှု အခြေခံအဆောက်အအုံ အဆင်သင့်ရှိရန် လိုအပ်သည်။ ထို့ပြင် ၎င်းက ဘိုင်အိုဒီဇယ်ပရိုဂရမ်အတွက် ဘတ်ဂျက်နှင့် ဆက်စပ်သည့် အကြောင်းအရာကို အလေးပေးပြောကြားခဲ့သည်။

အကယ်၍ ဘိုင်အိုဒီဇယ်ပရိုဂရမ်ကို ဆက်လက်တိုးမြှင့်လုပ်ဆောင်လာပါက စားအုန်းဆီတင်ပို့မှု ကျဆင်းလာနိုင်ပြီး ပို့ကုန်ဝင်ငွေရရှိမှုလည်းလျော့ကျလာနိုင်ကြောင်း သိရသည်။ စစ်ဆေးအရာရှိ Fatika က အကယ်၍ စားအုန်းဆီထုတ်လုပ်မှု မလုံလောက်ပါက ဘိုင်အိုဒီဇယ်ထုတ်လုပ်မှု ကျဆင်းသွားနိုင်ရုံသာမက တင်ပို့မှုပါ ကျဆင်းသွားမည်ဖြစ်ပြီး နိုင်ငံတော်ဘတ်ဂျက်လျော့ကျသွားနိုင်ကြောင်း ပြောကြားခဲ့သည်။

စိုက်ပျိုးမွေးမြူရေးဝန်ကြီးဌာနကလည်း အင်ဒိုနီးရှားသည် B50 ပရိုဂရမ်အတွက် တစ်နှစ်လျှင် စားအုန်းဆီစိမ်း သန်း ၂၀ ကီလို လီတာ ထုတ်လုပ်နိုင်စွမ်းရှိရန် လိုအပ်ကြောင်း သိရသည်။ အင်ဒိုနီးရှားအစိုးရသည်ဘိုင်အိုဒီဇယ်အရောကို လက်ရှိ B35 မှ ၂၀၂၅ ခုနှစ်တွင် B40ထိ မြှင့်တင်ရန် ကြိုးပမ်းနေပြီး B50 ကို ဆက်လက် အကောင်အထည်ဖော်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း သိရသည်။

**Antara News, မြသူ (DOCA-YGN)**

## စားအုန်းဆီကြမ်း တင်ပို့မှု အခွန်နှုန်းထား ၁၀ ရာခိုင်နှုန်းသို့ မလေးရှား မြှင့်တင်

မလေးရှားနိုင်ငံအစိုးရသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွက် စားအုန်းဆီကြမ်းတင်ပို့မှု ပို့ကုန်အခွန်ကို ၈ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်းသို့ တိုးမြှင့်လိုက်ပြီး ရည်ညွှန်းဈေးနှုန်းကိုလည်း မြှင့်တင်ခဲ့ကြောင်း အစိုးရအေဂျင်စီတစ်ခုဖြစ်သည့် မလေးရှား စားအုန်းဆီဘုတ်အဖွဲ့၏ ၁၉-၁၁-၂၀၂၄ နေ့ ထုတ်ပြန်သည့် စာစောင်တွင် ဖော်ပြချက်ကို ကိုးကားလျက် The Edge Malaysia သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့စားအုန်းဆီ ဒုတိယအများဆုံးထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဒီဇင်ဘာလ အတွက် ရည်ညွှန်းဈေးနှုန်းအဖြစ် စားအုန်းဆီ တစ်တန်လျှင် မလေးရှားရင်းဂစ် ၄၄၇၁ ဒသမ ၃၉ နှုန်း (၁၀၀၁. ၂၁ အမေရိကန်ဒေါ်လာခန့်) တွက်ချက်ခဲ့ကြောင်း၊ နိုဝင်ဘာလအတွက် ရည်ညွှန်းဈေးနှုန်းမှာ တစ်တန်လျှင် ၃၉၄၉. ၇၃ ရင်းဂစ်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

စားအုန်းဆီကြမ်းအတွက် ပို့ကုန်အခွန် စည်းကြပ်မှုစနစ်တွင် တစ်တန်လျှင် ရင်းဂစ် ၂၂၅၀ မှ ၂၄၀၀ အတွင်းရှိ ဈေးနှုန်းအတွက် ၃ရာခိုင်နှုန်းမှ စတင်ကောက်ခံမည်ဖြစ်ပြီး အမြင့်ဆုံးအခွန်နှုန်းထား သည် တစ်တန်လျှင် ရင်းဂစ် ၄၀၅၀ အထက် ဈေးနှုန်းဖြင့် တင်ပို့မှုအပေါ် ၁၀ ရာခိုင်နှုန်း ကောက်ခံခြင်းဖြစ်ကြောင်း သိရသည်။

စားအုန်းဆီကြမ်းအတွက် ယခင်ကအမြင့်ဆုံး ပို့ကုန်အခွန်ကို ၈ ရာခိုင်နှုန်းအထိသာ သတ်မှတ်ထား ခဲ့သော်လည်း ယခုအခါ ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ခြင်းဖြစ်သည်။ ယခုအခွန်နှုန်းထားအသစ်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ စတင်၍ စားအုန်းဆီကြမ်း တစ်တန်လျှင် မလေးရှားရင်းဂစ် ၄၀၅၀ အထက်ဖြစ်ပါက အမြင့်ဆုံး ပို့ကုန်အခွန်နှုန်းကို ၁၀ ရာခိုင်နှုန်းသို့ ပြန်လည်ပြင်ဆင်ရန် အစိုးရက အောက်တိုဘာလတွင် ကြေညာခဲ့ပြီးနောက်ပိုင်း ထွက်ပေါ်လာ ခြင်းဖြစ်ကြောင်း The Edge Malaysia သတင်းဌာန၏ ဖော်ပြချက်အား တင်ပြအပ်ပါသည်။

**Source: The Edge Malaysia, 19 Nov 2024**

**D Thi, DOCA**



# ဖိလစ်ပိုင်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှု အခြေအနေ ပိုမိုဆိုးရွားလာဖွယ်ရှိ




အစိုးရ၏ စဉ်ဆက်မပြတ်သော အခြေခံ အဆောက်အအုံ စီမံကိန်းများ များပြားလာခြင်းနှင့် တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် နှေးကွေးလာပြီး ကုန်သွယ်ရေးမညီမျှချက်များ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ဧပြီလမှစတင်၍ ပို့ကုန်ရငွေနှင့် သွင်းကုန် အပေါ်ပေးချေရသည့် ငွေပမာဏသည် ကွာဟမှုကြီးလာပြီး စက်တင်ဘာလထိ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး လ ၂၀ အတွင်း အကြီးမားဆုံး ကွာဟချက်တစ်ခု ဖြစ်ခဲ့သည်။

အစိုးရအနေဖြင့် စဉ်ဆက်မပြတ်သော အခြေခံအဆောက်အအုံစီမံကိန်းများကို တွန်းအားပေး ဆောင်ရွက်လာခြင်းကြောင့် လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများအား ပြည်ပမှ တင်သွင်းဝယ်ယူမှု များပြားလာပါကြောင်း၊ ကမ္ဘာ့ပို့ကုန် တင်ပို့မှုအဆင့်တွင် ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၇ မှ စတင်၍ အဆင့်ကျဆင်းခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ထိပ်တန်းပို့ကုန် ပစ္စည်းဖြစ်သော တစ်ပိုင်းလျှပ်ကူးပစ္စည်းများ တင်ပို့မှု ကျဆင်းလာခဲ့ပြီး အခြားသော ဒေသတွင်းနိုင်ငံများဖြစ်သော စင်ကာပူ၊ တောင်ကိုရီးယားနှင့် တရုတ်(တိုင်ပေ) နိုင်ငံများသို့ တင်ပို့မှုလည်း ကျဆင်းလာကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် အီလက်ထရောနစ်မဟုတ်သော ပို့ကုန်ကဏ္ဍများဖြစ်သော စားသောက်ကုန်ပစ္စည်းများ၊ သတ္တုများနှင့် လုပ်ငန်းသုံးပစ္စည်းများ တင်ပို့မှုသည် အီလက်ထရောနစ်ကဏ္ဍနှင့် ယှဉ်ပြိုင်နိုင်ခြင်း မရှိကြောင်းကိုလည်း ဖော်ပြထားသည်။

ဗဟိုဘဏ်မှ ပြည်တွင်းဝယ်လိုအား မြင့်တက်စေရန် အတိုးနှုန်းများလျှော့ချခြင်းမူဝါဒကြောင့် သွင်းကုန်ပမာဏသည်လည်း ဆက်လက်မြင့်တက်လာဦးမည်ဖြစ်ပြီး ကုန်သွယ်မှုကဏ္ဍအပေါ် ခြုံငုံသုံးသပ်လေ့လာမည်ဆိုပါက ပို့ကုန်နှင့် သွင်းကုန် ပမာဏကြား ကုန်သွယ်ရေးလိုငွေပြမှု ကြီးထွားလာနိုင်ကြောင်း၊ ထို့သို့ ကုန်သွယ်ရေးလိုငွေပြမှုပမာဏ ကြီးမားလာခြင်းသည် တိုင်းပြည်၏ ဒေါ်လာစီးထွက်မှုပမာဏ ကြီးမားနေကြောင်းကို ဖော်ပြနေပြီး ပြည်တွင်းငွေကြေး ပီဆိုတန်ဖိုးအား ကျဆင်းစေနိုင်သည်ဟု ဖော်ပြပါရှိသည်။

သို့ရာတွင် ပြည်ပအလုပ်သမားများ လွှဲပို့ငွေ၊ Information Technology-Business Process Outsourcing (IT-BPO)နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့မှ ဒေါ်လာဝင်ရောက်မှု အသင့်အတင့်မြင့်တက်လာခြင်းသည် တိုင်းပြည်စီးပွားရေးအား တည်ငြိမ်စေသည့် အချက်တစ်ချက်ဖြစ်ပြီး ကုန်သွယ်ရေး လိုငွေပြမှုကို တစ်စိတ်တစ်ဒေသ ကာမိပါကြောင်း ဖော်ပြထားသည်။

**ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး**




# ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနမှ Kadiwa Store များကို မြို့တော် မနီလာပြင်ပများထိ ဖွင့်လှစ်သွားရန် မျှော်မှန်း

ဖိလစ်ပိုင်နိုင်ငံသားများ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် Kadiwa Store များကို နိုင်ငံတစ်ဝန်းလုံးတွင် လက်ရှိဆိုင်ခွဲပေါင်း ၁၀၈ ခု ဖွင့်လှစ်ထားရှိခဲ့ပြီး ၂၀၂၄ ခုနှစ် နှစ်အကုန်အထိ ၁၇၉ ဆိုင်အထိ တိုးချဲ့ဖွင့် လှစ်သွားနိုင်ရန် ရည်မှန်းထားသည်။

2024 Kadiwa Expo ကိုလည်း သုံးရက်တာ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်တွင်းရှိ တောင်သူများနှင့် ငါးဖမ်းလုပ်သားများဝင်ငွေ မြင့်မားလာစေရန်နှင့် ပြည်တွင်းစားသုံးသူများအနေဖြင့် အရည်အသွေးကောင်းမွန်သော ပစ္စည်းများအား သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့်ဝယ်ယူရရှိစေရန် ရည်ရွယ်ပါကြောင်း ဖော်ပြပါရှိသည်။

လက်ရှိ Kadiwa Store အများစုမှာ မြို့တော်မနီလာတွင် အများဆုံး ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနလက်အောက်ခံ National Irrigation Administration မှ ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလော Kadiwa Store များတွင် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ လက်ကျန်ပြတ်လပ်မှုများရှိနေပြီး အဓိကကုန်ပစ္စည်းမှာ ဆန်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများလည်း ကြုံတွေ့နေရပြီး သင်္ဘောတင်ပို့ဆောင်ရသည့် စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများအတွက် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် သယ်ယူပို့ဆောင်ရေး အစီအစဉ်များကို ရေးဆွဲထားကြောင်းနှင့် အခြားသော စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကိုလည်း ထပ်တိုးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Kadiwa Store များတွင် ရောင်းချသော စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းများသည် ပြင်ပဈေးကွက်ပေါက်ဈေးထက် ၂၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ သက်သာကြောင်းနှင့် ပြည်တွင်းဈေးကွက်ကို တိုက်ရိုက်ယှဉ်ပြိုင်ရောင်းချခြင်းမျိုးဖြစ်စေရန် ရည်ရွယ်ခြင်း မဟုတ်ကြောင်း၊ ဈေးကွက်ပေါက်ဈေးသည် တစ်ခါတစ်ရံတွင် အလွန် မြင့်မားလေ့ရှိသဖြင့် ရည်ညွှန်းဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်နိုင်သည့် နည်းလမ်းတစ်ခုလည်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဈေးကွက်အတွင်းရှိ လက်လီဈေးနှုန်းအား Check and Balance လုပ်နိုင်သည့် နည်းလမ်းကောင်းတစ်ခုလည်း ဖြစ်စေကြောင်း စိုက်ပျိုးရေး လက်ထောက်အတွင်းဝန်က ပြောကြားခဲ့သည်။

**ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး**


# တောင်ကိုရီးယားနိုင်ငံ ဗဟိုဘဏ်က အတိုးနှုန်း ထပ်မံလျှော့ချ

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အရှိန်အဟုန် နှေးကွေးလာသည့်အပြင် ပြည်ပနိုင်ငံများတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် မသေချာ မရေရာမှုများရှိနေသည့်အတွက် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အလေးထား၍ ဗဟိုဘဏ်က သတ်မှတ်ထားသည့် အတိုးနှုန်းကို နိုဝင်ဘာ ၂၈ ရက်တွင် သုည ဒသမ ၂၅ ရာခိုင်နှုန်း ထပ်မံလျှော့ချပေးခဲ့သည်။ ပြည်တွင်း ငွေကြေးဖောင်းပွနှုန်း တည်ငြိမ်လာသည့်အတွက် အတိုးနှုန်း လျှော့ချပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟုလည်း The Korea Times ၏ နိုဝင်ဘာ ၂၈ ရက်နေ့ထုတ်သတင်းစာတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်၏ ငွေကြေးမူဝါဒကော်မတီသည် ပြည်တွင်းအတိုးနှုန်းကို အောက်တိုဘာ ၁၁ ရက်မတိုင်မီအထိ ၃ ဒသမ၅ ရာခိုင်နှုန်း သတ်မှတ်ထားခဲ့သည်။ အောက်တိုဘာ ၁၁ ရက်တွင် ပြည်တွင်းအတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချပေးခဲ့ပြီးဖြစ်သည်။ ယခုတစ်ကြိမ် အတိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်း ထပ်မံလျှော့ချပေးလိုက်သည့်အတွက် လက်ရှိသတ်မှတ်အတိုးနှုန်းမှာ ၃ ရာခိုင်နှုန်းဖြစ်သည်။

**ပပ၊ စီးပွားရေးသံမှူး**

**Source: koreatimes.co.kr**





# ၂၀၂၅ ခုနှစ်တွင် ဂျပန်သို့ ထောပတ်သီးတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၆ သန်းရရှိရန် ဖိလစ်ပိုင်မျှော်မှန်း

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၁၃ နှစ်ကြာ ကုန်သွယ်ရေးညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့အပြီး မကြာ သေးမီကာလအတွင်း ဂျပန်နိုင်ငံ ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိခဲ့ရာ လာမည့်နှစ်တွင် ဂျပန်နိုင်ငံသို့ ဟက်စ် (Hass) အမျိုးအစား ထောပတ်သီး ကုန်ချိန် ကီလိုဂရမ်ပေါင်း ၅ သိန်းခန့်ကို တင်ပို့သွားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ဖိလစ်ပိုင် သီးနှံလုပ်ငန်းဗျူရို (Bureau of Plant Industry) ၏ ဒါရိုက်တာဖြစ်သူ Gerald Glenn Panganiban က အစိုးရသည် ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ဒေါ်လာ ၁ဒသမ ၅၈၄ သန်း တန်ဖိုးရှိသည့် ဟက်စ်ထောပတ်သီး ၄၈၄၀၀၀ ကီလိုဂရမ် သို့မဟုတ် သေတ္တာ အလုံး ၈၈၀၀၀ ကို တင်ပို့ရန် ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။

၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သည့် ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှုအရ ယခုလအတွင်း ဂျပန်နိုင်ငံ၏ ထောပတ်သီးဈေးကွက်သို့ ဈေးကွက်ဝင်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသို့ ဒေါ်လာ ၄၀၃၂၀ တန်ဖိုးရှိ ဟက်စ်ထောပတ်သီး သေတ္တာ ၂၂၄၀ လုံး (၁၂၃၂၀ ကီလိုဂရမ်) ကို ပထမအကြိမ်အဖြစ် သင်္ဘောတင်ပို့ သွားမည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်အနေဖြင့် ပြီးခဲ့သောနှစ်တွင် ဂျပန်နိုင်ငံသို့ ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိသော စိုက်ပျိုးရေးနှင့် ရေထွက်ပစ္စည်းထုတ်ကုန်များကို တင်ပို့ခဲ့ကြောင်း၊ ယှဉ်ပြိုင်မှုမြင့်မားသော ဂျပန်ဈေးကွက်အတွင်းသို့ ထောပတ်သီးများ အောင်မြင်စွာ တင်ပို့နိုင်ခဲ့ခြင်းသည် ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုဆက်ဆံရေး၌ အရေးပါသည့် ခြေလှမ်းကို စတင်လိုက်ခြင်းဖြစ်ကြောင်း၊ အရွယ်အစား သေးငယ်၍ အပေါ်ခွံချောမွေ့ပြီး ရင့်မှည့်သည့်အချိန်တွင် ခရမ်းရင့်ရောင်သို့ ပြောင်းလဲသွားသည့် ဟက်စ်အမျိုးအစား ထောပတ်သီးကို ဂျပန်လူမျိုးများ အကြိုက်တွေ့လျက်ရှိကြောင်း၊ ဂျပန်နိုင်ငံသည် ဟက်စ်ထောပတ်သီးများကို အဓိကတင်သွင်းသည့် ဈေးကွက်ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် တင်သွင်းမှုတန်ဖိုး ဒေါ်လာသန်း ၆၀ ရှိခဲ့ ကြောင်း၊ ဂျပန်နိုင်ငံသို့ ထောပတ်သီး အဓိကတင်ပို့သည့် နိုင်ငံများတွင် မက္ကဆီကို၊ ပီရူး၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အမေရိကန်နိုင်ငံတို့ ပါဝင်ကြောင်း စသည်ဖြင့် ဖိလစ်ပိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ပြောကြားချက်အရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အာရှတွင်ပထမဆုံးနိုင်ငံအဖြစ် ဂျပန်နိုင်ငံသို့ ဟက်စ် ထောပတ်သီး တင်ပို့နိုင်ခြင်းကြောင့် ဂုဏ်ယူပါကြောင်းနှင့် ယခုကဲ့သို့ တင်ပို့နိုင်သည့်အတွက် ဒေသခံ စိုက်ပျိုးသူများအနေဖြင့် ဂျပန်နိုင်ငံ၏ လတ်ဆတ်သစ်သီးများ ဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းလျက် ဝင်ငွေတိုးပွားနိုင်မည့် ကောင်းမွန် သော အခွင့်အရေးတစ်ခု ဖြစ်ကြောင်း ဂျပန်နိုင်ငံရှိ ဖိလစ်ပိုင် စိုက်ပျိုးရေးသံမှူး Aleli Maghirang က ပြောကြားခဲ့သည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တရုတ်၊ မလေးရှား၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဟောင်ကောင်၊ ဘရူနိုင်း၊ အင်္ဂလန်နှင့် မြောက်အိုင်ယာလန် စသည့် ဈေးကွက်ရှစ်ခုသို့ ထောပတ်သီးများ တင်ပို့လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ထောပတ်သီး တန်ချိန် ၁ဒသမ၀၄ သန်း တင်ပို့ခဲ့ပြီး ၂၀၂၂ ခုနှစ်၌ တင်ပို့ခဲ့သော တန်ချိန် ၁ ဒသမ ၄၉ သန်းထက် ၃၀ ရာခိုင်နှုန်း တင်ပို့မှု လျော့နည်းခဲ့ကြောင်း ဖိလစ်ပိုင်စာရင်းအင်း အာဏာပိုင်အဖွဲ့၏ အချက်အလက်အရ သိရသည်။

**ပိုးဇာခြည်၊ DOCA**

**Source : The Philippine Star, November 18, 2024**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကုမ္ပဏီ ၂၇၇ ခုက ဆန်တန်ချိန် ၁၄ ဒသမ ၈၁ သိန်းတင်သွင်းမည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်မှုကို ထိန်းသိမ်းရန်နှင့် အရန်ထားရှိမှုကို မြှင့်တင်ရန်အတွက် ကြားကာလအစိုးရသည် ပုဂ္ဂလိကကုမ္ပဏီပေါင်း ၂၇၇ ခုသို့ စုစုပေါင်းဆန်တန်ချိန် ၁၄ဒ သမ ၈၁ သိန်းကို တင်သွင်းရန်ခွဲဝေခွင့်ပြုပေးခဲ့ကြောင်း The Daily Star သတင်းဌာနက ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ် စားနပ်ရိက္ခာဝန်ကြီးဌာန၏ အချက်အလက်များအရ အဆိုပါဆန်ပမာဏ စုစုပေါင်းအနက် ပေါင်းဆန်တန်ချိန် ၁၀ ဒသမ ၆၅ သိန်းပါဝင်ပြီး ကျန်ပမာဏသည် Atap chal ခေါ် စပါးအား ပေါင်းခံခြင်းမပြုဘဲ နေလှန်းအခြောက်ခံ၍ ကြိတ်ခွဲထုတ်လုပ်ရရှိသည့်ဆန်များဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍမှ ဆန်တင်သွင်းခွင့်ကို လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ကျော်ကပင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စားနပ်ရိက္ခာဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် Lutfor Rohman က ဆန်တင်သွင်းခွင့် လျှောက်ထားရန် ခွင့်ပြုသောကာလသည် နိုဝင်ဘာ ၁၇ ရက်နေ့တွင် ကုန်ဆုံး ခဲ့ပြီဖြစ်ကြောင်း၊ အစိုးရသည် အဆင့် ၄ ဆင့်ဖြင့် ဆန်တင်သွင်းရန် အဆိုပါကုမ္ပဏီ ၂၇၇ ခုအား ခွင့်ပြုခြင်းဖြစ်ပြီး ဈေးကွက်အခြေအနေအပေါ် မူတည်၍ လိုအပ်ပါက တင်သွင်းခွင့်ခွဲတမ်းကို ပိုမိုချထားပေးမည်ဖြစ်ကြောင်းဖြင့် The Daily Star သို့ ပြော ဆိုခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မကြာသေးမီက ကြုံတွေ့ခဲ့ရသော ပြင်းထန်သည့် ရေလွှမ်းမိုးမှုများကြောင့် နိုင်ငံ၏အရှေ့မြောက်ပိုင်း ဒေသတစ်ဝန်းတွင် မိုးစပါးစိုက်ပျိုးမှုအပေါ် ထိခိုက်မှု ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး ဆန်လက်လီအရောင်းဈေးနှုန်းများမှာ မြင့်တက်လာခဲ့သည်။ စိုက်ပျိုးရေးပညာပေးဦးစီးဌာန၏ အချက်အလက်များအရ ဩဂုတ် ၁၆ ရက်မှ အောက်တိုဘာ ၁၅ ရက်အတွင်း ရေကြီးမှု နှစ်ကြိမ်ဖြစ်ပေါ်ရာတွင် ထိခိုက်ဆုံးရှုံးခဲ့ရသည့် ဆန်တန်ချိန်မှာ ၈ ဒသမ ၃၉ သိန်းခန့်ရှိသည်။ သို့ဖြစ်ရာ ဆန်ဈေးနှုန်းများ ထပ်မံမြင့် တက်မှုမရှိစေရေးနှင့် ပြည်တွင်းဆန်လက်ကျန်ပမာဏကို မြှင့်တင်နိုင်ရေးအတွက် ဆန်တင်သွင်းခြင်းကို ကြားဖြတ်အစိုးရက တွန်းအားပေးလုပ်ဆောင်လျက်ရှိသည်။

ပြည်တွင်း၌ထွက်ရှိသည့် စပါးများကို ဝယ်ယူ၍ ဆန်ကြိတ်ခွဲ ထုတ်လုပ်ခြင်းအပြင် အိန္ဒိယနိုင်ငံထံမှ ဆန်တင်သွင်းခြင်းကိုပါ လုပ်ကိုင်လျက်ရှိသော Majumder Group of Industries မှ မန်နေဂျင်းဒါရိုက်တာ Chitta Majumder က ၎င်းတို့ကုမ္ပဏီအနေဖြင့် ဆန်တန်ချိန် ၈၀၀၀၀ တင်သွင်းရန် အစိုးရထံမှ ခွင့်ပြုချက် ရရှိထားသည်ဟု ပြောဆိုခဲ့သည်။

စားနပ်ရိက္ခာဝန်ကြီးဌာန၏ ညွှန်ကြားချက်တွင် လက်ရှိအဆင့်၌ ဆန်တင်သွင်းခွင့်ရရှိသော ကုမ္ပဏီများအနေဖြင့် တင်သွင်းလာသည့်ဆန်များကို ဒီဇင်ဘာ ၂၂ ရက်နေ့အတွင်း ဈေးကွက်သို့ ဖြန့်ဖြူးရမည်ဖြစ်ကြောင်း၊ ထို့အပြင် လုပ်ငန်းရှင်သည် တင်သွင်းပြီးသည့် ဆန်တန်ချိန်ပမာဏ၊ ဆန်သိုလှောင်ထားရှိမှုနှင့် ဈေးကွက်ဖြန့်ဖြူးမှုအခြေအနေတို့ကို ခရိုင်စားနပ်ရိက္ခာ ကြီးကြပ်ရေးအရာရှိထံ မပျက်မကွက် အစီရင်ခံတင်ပြရမည်ဖြစ်ကြောင်း၊ သွင်းကုန်လုပ်ငန်းရှင်သည် ဆက်စပ်လျက်ရှိသည့် တင်သွင်းခွင့်ပါမစ်ကို အသုံးပြုလျက် ခွဲတမ်းချထားပေးသည်ထက် ပိုမိုတင်သွင်းခြင်းကို လုပ်ဆောင်ခွင့်မရှိကြောင်း၊ တင်သွင်းလာသည့် ဆန်များအား အခြား မည်သည့်လုပ်ငန်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ အမည် အမှတ်တံဆိပ်အောက်တွင်မျှ ပြန်လည်ထုပ်ပိုးခြင်းမပြုဘဲ မူလတင်သွင်းခဲ့သည့် ထုပ်ပိုးမှုပုံစံအတိုင်းသာ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နှစ်စဉ် ပြည်တွင်းစားသုံးမှုအတွက် ဆန်တန်ချိန် ၃၇ သန်းမှ ၃၉ သန်းအကြား လိုအပ်မှုရှိပြီး ပမာဏ အများစုကို ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုဖြင့်ပင် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြီးခဲ့သော ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပမှ ဆန်ကို ဝယ်ယူတင်သွင်းရခြင်း မရှိခဲ့ကြောင်း သိရှိရသည်။

**Source: The Daily Star, 21 Nov 2024**

**UNAL, DOCA**

# ဗီယက်နမ်သို့ ကမ္ဘောဒီးယားမှ သီဟိုဠ်စေ့တင်ပို့မှု ၃၆ ရာခိုင်နှုန်း တိုးတက်လာ

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံသို့ သီဟိုဠ်စေ့တန်ချိန် ၇၉၀၀၀၀ ကျော် တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၀ ဘီလီယံရရှိကာ ၃၆ ရာခိုင်နှုန်း တိုးလာကြောင်း သီဟိုဠ်စေ့အသင်း (CAC) မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။ ကမ္ဘောဒီးယား သီဟိုဠ်စေ့အသင်း (CAC) ၏ ဒုတိယဥက္ကဋ္ဌ Suy Kokthean က ကမ္ဘောဒီးယားသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ သီဟိုဠ်စေ့ တန်ချိန် ၈၄၀၀၀၀ ထုတ်လုပ်တင်ပို့ခဲ့ပြီး ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၆ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ပြောကြားခဲ့သည်။


ကမ္ဘောဒီးယားနိုင်ငံသည် လာမည့် လေးနှစ်မှ ငါးနှစ်အတွင်း ကမ္ဘာ့ထိပ်တန်း သီဟိုဠ်စေ့ ထုတ်လုပ်သူဖြစ်လာလိမ့်မည်ဟု ဆက်လက်ပြောကြားခဲ့သည်။ သီဟိုဠ်စေ့စိုက်ပျိုးသည့်တောင်သူအများစုသည် သီဟိုဠ်စေ့ စိုက်ပျိုးရန်အတွက် ပျိုးပင်များအား ဝယ်လိုအား များနေသောကြောင့် အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း နှင့်ရလဒ်အနေဖြင့် အရည အသွေးမြင့် သီဟိုဠ်စေ့များ၏ ဈေးနှုန်းမြင့်မားမှုကြောင့် နှစ်စဉ်တောင်သူများ သီဟိုဠ်စေ့စိုက်ပျိုးမှုပိုများလာသည်ဟု Suy Kokthean က ရှင်းပြခဲ့သည်။ ကမ္ဘာ့ရောင်းလိုအား ပြတ်လပ်မှုကြောင့် ဝယ်လိုအားတက်စေသည့် သီဟိုဠ်စေ့ ဈေးနှုန်းများအား ကောင်းနေခြင်းကြောင့် သီဟိုဠ်စေ့စိုက်ပျိုးမှု တိုးလာမည့်လမ်းကြောင်းများကို CAC မှ တာဝန်ရှိသူက အလေးပေးပြောကြားခဲ့သည်။ သို့သော် ရာသီဥတုပြောင်းလဲမှု သည် စက်မှုလုပ်ငန်းများအတွက် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နေဆဲဖြစ်ကြောင်းနှင့် ပြင်းထန်သော ရာသီဥတုသည် အထွက်နှုန်းကို သိသိသာသာ ထိခိုက်စေနိုင်ကြောင်း Suy Kokthean က မှတ်ချက်ပြုခဲ့သည်။CAC နှင့် စိုက်ပျိုးရေးဝန်ကြီးဌာနသည် ၎င်းတို့အတွက် လေ့ကျင့်ရေးသင်တန်းများ ပံ့မှန်ပြုလုပ်ပေးသောကြောင့် တောင်သူလယ်သမားများသည် အဆင့်မြင့် စိုက်ပျိုးခြင်းနည်းစနစ်များ နားလည်ထားပြီးဖြစ်သည်ဟု ဆက်လက်ပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် သီဟိုဠ်စေ့ တန်ချိန် ၆၅၆၀၀၀ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၃၇ သန်း ရရှိခဲ့သည်။

**Source: Khmer Times**


**ချစ်လင်းဦး (DOCA YGN)**




Rocket Golden
HSM
Htike Star Myanmar Co., Ltd
ရွှေဒုံးပျံ လုပ်ငန်းစု



Mon AgroTech
Konnyaku (Konjac) Jelly Block
NAKAMURA 888
DISCOVER THE FUTURE OF
KONJAC
Add : No.2905, Industrial Zone Road, 63 Ward,
Industrial Zone(2), South Dagon Township
Yangon Regian.
Ph : +959 881 888 445
Mail : ei.phyo@southernville.com.mm



BOWLING
Experience the fun at Rock & Bowl
where every moment is a striking success!
ROCK & BOWL
Contact Info
09 6777 888 93
Taw Win Road, 9 Mile,
Mayangone Township,
Yangon.
(Royal Sportainment Complex 1st Floor)



Shwe Kabar
Electronic & Solar Energy
Better Future Better Energy
Shwe Kabar
Kilo Watt to Mega Watt
One Stop Solar Energy Solution
သေချာတဲ့ ရွှေကမ္ဘာကို ရွေးချယ်လိုက်ပါ။
Yangon
Mandalay
0943091297

# ဘုရင့်နောင် ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်း တစ်တန် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၃ခုနှစ် နှင့် ၂၀၂၄ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၂၇၈၀၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၅၆၁၀၀၀ သို့ လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေး နှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၁၆၈၄၁၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၇၆၈၀၀၀ သို့လည်းကောင်း၊ ပဲလွန်းဖြူတစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၁၇၁၄၇၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၈၅၉၉၀၀ သို့လည်းကောင်း၊ ပဲစင်းငုံအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ကျပ် ၃၂၅၀၀၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၈၅၂၀၀၀ သို့လည်းကောင်း အသီးသီး ဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ၊ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာနက မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၅ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲများအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် မတ်ပဲနှင့် ပဲစင်းငုံတို့အား စီးပွားဖြစ် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။


**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၂၀၂၃ခုနှစ် နှင့် ၂၀၂၄ ခုနှစ်တို့၏ နိုဝင်ဘာလ ၂၉ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၂၀၂၃ခုနှစ်နှင့် ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲတီစိမ်း | ပဲစင်းငုံ | ပဲလွန်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၃ ( နိုဝင်ဘာလ ) | ၂၇၈၀၀၀၀ | ၁၆၈၄၁၀၀ | ၃၂၅၀၀၀၀ | ၁၇၁၄၇၀၀ |
| ၂ | ၂၀၂၄ ( နိုဝင်ဘာလ ) | ၃၅၆၁၀၀၀ | ၂၇၆၈၀၀၀ | ၃၈၅၂၀၀၀ | ၂၈၅၉၉၀၀ |

စစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၃ ခုနှစ် နှင့် ၂၀၂၄ ခုနှစ် တို့၏ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။






# ပခုက္ကူမြို့ပေါ်၌ တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိသည့် မြေပဲဆုံဆီ လုပ်ငန်းများ

ပခုက္ကူမြို့ပေါ်တွင် မြေပဲဆုံဆီလုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိသည်။ ဆုံများကို နှစ်ဆုံ/ လေးဆုံ၊ ခြောက်ဆုံ ထောင်၍ ကြိတ်ခွဲနေသူများလည်းရှိသည်။ မြေပဲဆန်ကိုပေး၍ နဝလီ အငှားကြိတ်သည့်ဆုံများ ပိုမိုများပြားပြီး တံဆိပ်မပါ အလွတ်ရောင်းချသူများ၊ တံဆိပ်ကပ်၍ နယ်သို့ တင်ပို့ရောင်းချသူများလည်းရှိသည်။

မြေပဲဆုံဆီကို နယ်များသို့လည်း အများအပြားပို့ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်သို့ အဓိကထား တင်ပို့ရသည်။ မြေပဲဆန် ၂၅ ပိဿာ တစ်အိတ်လျှင် ငါးဆုံကြိတ်ရသည်။ မနက်/ညလေးဆုံကြိတ်ခွဲလျှင် တစ်ရက်ကို ပဲအိတ် ငါးအိတ်ခန့်ပြီးသည်။ လုပ်သားအင်အားအနေဖြင့် အငှားများရှိသလို အိမ်မိသားစုဝင်များ ကြိတ်ခွဲသည်လည်းရှိသည်။ အငှားလုပ်သား တစ်ဦးကို တစ်ရက်လျှင် ကျပ် ၂၀၀၀၀ ဖြင့် ပုတ်ပြတ်ပေးခြင်းများရှိပြီး တစ်ဆုံလျှင် ကြိတ်ခွဲခ ကျပ် ၂၅၀၀ ဖြင့် အရေအတွက်ပေါ်မူတည်၍ ပေးသည်လည်းရှိသည်။ ကြိတ်ပြီးသော ပဲဖတ်များကို တစ်ပိဿာလျှင် ကျပ် ၅၀၀၀-၅၄၀၀ ဖြင့် ရောင်းချသည်။ မြေပဲကို ပခုက္ကူမြို့ပေါ်ရှိပွဲရုံများမှ တစ်ပိဿာလျှင် ကျပ် ၈၂၀၀-၈၄၀၀ ဖြင့် ဝယ်ရပြီး ပဲလေး၊ ပဲကြီး နှစ်မျိုးခွဲ၍ ကြိတ်ပြီး ဆုံဆီကို တစ်ပိဿာ ကျပ် ၁၆၀၀၀-၁၈၀၀၀ ဖြင့် ဖြန့်ဖြူးရောင်းချသည်။

မြေပဲဆုံဆီလုပ်ငန်းသည် မိရိုးဖလာ မျိုးရိုးစဉ်ဆက် လုပ်ငန်းဖြစ်ပြီး မြို့ပေါ်နှင့်အနီးတစ်ဝိုက်တွင် အဆက်မပြတ် ရောင်းချသည်။ ပြည်တွင်း အသေးစားလုပ်ငန်းဖြစ်သောကြောင့် မိသားစု စားဝတ်နေရေးအတွက် အဆင်ပြေပြီး အလုပ်အကိုင် အခွင့်အလမ်းရရှိသောကြောင့် မြေပဲဆုံဆီလုပ်ငန်းသည် ဆက်လက်၍ တိုးချဲ့လုပ်ကိုင်နိုင်လျှင် ပို၍အဆင်ပြေနိုင်ကြောင်း သိရသည်။ **သူဇာကျော်(ပခုက္ကူ)**

# စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာအရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၃၀၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း (YSX) မှ သိရသည်။

အဆိုပါ ကာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၁၁၂၆၅၆ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၃၅၈ ဒသမ ဝ၇၈ သန်းရှိခဲ့ခြင်းဖြစ်သည်။

ယင်းနှစ်လတာကာလအတွင်း ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment(FMI) က အစုရှယ်ယာ ၆၅၀၀ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၅၅ ဒသမ ၄၆ သန်း၊ Myanmar Thilawa SEZ Holdings Public (MTSH) က အစုရှယ်ယာ ၃၄၈၈၇ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၁၇ ဒသမ ဝ၅၁ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၅၅၇ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ် ၄ ဒသမ ၇၃၉ သန်း၊ ပထမပုဂ္ဂလိကဘဏ်(FPB) က အစုရှယ်ယာ ၂၁၃၁၇ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၁ ဒသမ ၁၄၉ သန်းရရှိခဲ့သည်။

ထို့အတူ TMH Telecom Public(TMH) က အစုရှယ်ယာ ၃၆၉၁ စောင်ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၉ ဒသမ ၉၃၅ သန်း၊ Ever Flow River Group Public(EFR) က အစုရှယ်ယာ ၁၆၀၉၁ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၇ ဒသမ ဝ၃၉ သန်း ရရှိခဲ့သည်။ **ကိုတိုး**



# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com




att
COMMITTED TO EXCEED THE EXPECTATIONS
AUNG THEIN THAN COMPANY
မှအရည်သွေး စံချိန် စံညွှန်း ပြည့်မီပြီးဈေးနှုန်းသင့်တင့်သော LUBRICANTS,
AUTOPARTS, GENERATORS AND FORKLIFTS
များဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါတယ်...
09 799 970 007
No.64, Baho Road, Sanchaung Township, Yangon, Myanmar
အခုပဲဖုန်းဆက်လိုက်ပါ...


ထိုင်းနိုင်ငံမှ ထုတ်လုပ်တင်သွင်းသည့်
လေထီးတံဆိပ် ပရုတ်ဆီ
စိတ်နှစ်သက် ကြည်နူးဖွယ်ကောင်းသည့်
အနံ့အသက်များနှင့် ပြည့်စုံအောင်
အထူးဖော်စပ်ထားသော ဆေးပရုတ်ဆီအဖြူ
Somchitt Dispensary Co., Ltd.(Thailand) မှထုတ်လုပ်သည်။
Zar & Zar Co., Ltd.
မှဖြန့်ချိသည်။

CROP

INTEGRATED AGRICULTURE ENTERPRISE

ซี.พี.

# CPP Fertilizer Company Limited




Lot No, F4-F5, Thilawa SEZ Zone A, Yangon Region, Myanmar

ph. 09777777390, 09962759971-72

# COMMERCE INTERNATIONAL

# တရုတ်ယွမ်ငွေတန်ဖိုး စံချိန်တင် ကျဆင်းဖွယ်ရှိဟု ရင်းနှီးမြှုပ်နှံမှုဘဏ်များ ခန့်မှန်း



အမေရိကန် ပြည်ထောင်စု၏ အကောက်ခွန် ခြိမ်းခြောက်မှု မြင့်တက်လာခြင်းကြောင့် တရုတ်ယွမ်ငွေ တန်ဖိုးမှာ စံချိန်တင် အနိမ့်ဆုံးသို့ ကျဆင်းလာဖွယ် ရှိနေကြောင်း ရင်းနှီးမြှုပ်နှံမှုဘဏ်များက ခန့်မှန်းထားသည်ဟု CNBC သတင်းဌာနက နိုဝင်ဘာ ၂၉ ရက်တွင် ရေးသား ဖော်ပြထားသည်။

အမေရိကန် ပြည်ထောင်စု၏ ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်၏ အခွန်စည်းကြပ်ရေး ခြိမ်းခြောက်မှုနှင့်အတူ တရုတ်ယွမ်ငွေတန်ဖိုးမှာ စံချိန်တင် အနိမ့်ဆုံးသို့ ကျဆင်းလာဖွယ် ရှိနေသည်ဟု ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုဘဏ်များက ခန့်မှန်းသုံးသပ်ထားကြောင်း သတင်းတွင် ရေးသားဖော်ပြထားခြင်းဖြစ်သည်။ သို့သော် အဆိုပါ ခန့်မှန်းသုံးသပ်ချက်ကို တရုတ်အာဏာပိုင်များက လက်ခံခြင်းမရှိဘဲ ငြင်းပယ်ထားကြသည်။


လာမည့် ၂၀၂၅ ခုနှစ် အစပိုင်းတွင်ပင် တရုတ်ယွမ်ငွေ တန်ဖိုးမှာ ကျဆင်းလာဖွယ်ရှိနေပြီး အမေရိကန် တစ်ဒေါ်လာလျှင် တရုတ်ယွမ် ၇ ဒသမ ၅၁ သို့ကျဆင်းမည်ကို လျာထားကြောင်း အဓိက ရင်းနှီးမြှုပ်နှံမှု ဘဏ်များနှင့် သုတေသန ကုမ္ပဏီအဖွဲ့အစည်း ၁၃ ခုက ခန့်မှန်း တွက်ချက်ထားခြင်းဖြစ်သည်။ ထို့ပြင် ယင်းအနေအထားမှာ ၂၀၀၄ ခုနှစ်နောက်ပိုင်း အမေရိကန် ဒေါ်လာနှင့် တရုတ်ယွမ်တို့ ကွာဟမှု အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာဖွယ် ရှိနေသည်ဟု ဆိုသည်။

အမေရိကန် ရွေးကောက်ခံ သမ္မတလောင်း ဒေါ်နယ်ထရန့်သည် အမေရိကန်သို့ ရောက်ရှိလာသော တရုတ်ကုန်ပစ္စည်းများ အားလုံးအပေါ် စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်း ထပ်မံတိုးမြှင့် ကောက်ခံမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက်က ၎င်း၏ လူမှုကွန်ရက်ပလက်ဖောင်းတွင် ရေးသားဖော်ပြခဲ့သည်။ အမေရိကန် ရွေးကောက်ခံ သမ္မတလောင်း ဒေါ်နယ်ထရန့်သည် ရွေးကောက်ပွဲမဲဆွယ်ကာလက တရုတ်ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် ကတိပြုထားပြီးဖြစ်သည်။

"အမေရိကန်ရဲ့ အကောက်ခွန်စည်းကြပ်မှုတွေက တခြားအရာတွေနဲ့ မတူဘဲ ဒေါ်လာတန်ဖိုးကို မြင့်တက်လာစေပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ အနီးကပ် ကုန်သွယ်မှု ချိတ်ဆက်ထားတဲ့ စီးပွားရေးနိုင်ငံတွေရဲ့ ငွေကြေးတွေဟာ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရလိမ့်မယ်"ဟု Capital Economics မှ လက်ထောက် ဈေးကွက် စီးပွားရေးပညာရှင် Jonas Goltermann က ပြောသည်။

ဒေါ်နယ်ထရန့်သည် ၎င်းကတိပြုထားသည့်အတိုင်း တရုတ်ကုန်ပစ္စည်းများအပေါ် ၆၀ ရာခိုင်နှုန်း အခွန် စည်းကြပ်မှုများ ရှိလာမည်ဆိုပါက တရုတ်ယွမ်သည်လည်း ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ၈ ဒသမ ၄၂ အဆင့်သို့ပင် ရောက်ရှိသွားနိုင်သည်ဟု ခန့်မှန်းထားကြသည်။ **Source; CNBC**

# အိန္ဒိယ ကျောက်မျက်ခန်းမက ကမ္ဘာ့အကြီးမားဆုံး ရုံးအဆောက်အအုံ ဖြစ်လာ



အိန္ဒိယနိုင်ငံမှ ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်သည့် ကျောက်မျက်ခန်းမမှာ ပင်တဂွန်စစ်ဌာနချုပ်၏ ကမ္ဘာ့အကြီးမားဆုံး ရုံးအဆောက်အအုံ စံချိန်ကို လွှဲပြောင်းရယူနိုင်ခဲ့ကြောင်း The B1M.com သတင်းဌာန၏ နိုဝင်ဘာ ၂၉ ရက်က ရေးသားဖော်ပြချက်အရ သိရသည်။

အမေရိကန်ပြည်ထောင်စုရှိ ပင်တဂွန်စစ်ဌာနချုပ်သည် ကမ္ဘာ့အကြီးမားဆုံး ရုံးအဆောက်အအုံအဖြစ် နှစ်ပေါင်း ၈၀ အထိကြာအောင် စံချိန်တင်ထားနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုအချိန်တွင်မူ အိန္ဒိယနိုင်ငံမှ ကျောက်မျက်ခန်းမကြီးက ယင်းစံချိန်ကို လွှဲပြောင်းရယူနိုင်ခဲ့ပြီ ဖြစ်သည်။ အဆိုပါ ကမ္ဘာ့အကြီးဆုံး ရုံးအဆောက်အအုံဖြစ်သည့် ကျောက်မျက်ခန်းမမှာ အိန္ဒိယနိုင်ငံ ဂူဂျာရက်ပြည်နယ်တွင် တည်ရှိပြီး Surat Diamond Bourse အဆောက်အအုံ ဖြစ်သည်။

Surat Diamond Bourse အဆောက်အအုံသည် ထောင့်မှန်စတုဂံပုံစံ အဆောက်အအုံ ကိုးခုကို ကျောရိုးမတစ်ခုထဲမှ ဖြာထွက်နေသည့်ပုံစံမျိုး တည်ဆောက်ထားခြင်းဖြစ်ပြီး စတုရန်းပေ ၆၆၇၃၆၂၄ ရှိသည့် ပင်တဂွန်စစ်ဌာနချုပ်ထက် စတုရန်းပေ ၅၅၀၀၀ ပိုမို ကျယ်ဝန်းကြောင်း သိရသည်။

အဆိုပါ Surat Diamond Bourse ကျောက်မျက်ခန်းမကို အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် ဆူရတ်မြို့အစွန်ဘက်တွင် ၃၅ ဧကကျော် ကျယ်ဝန်းသည့် မြေနေရာ၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ရုံးခန်းနှင့် အလုပ်ရုံပေါင်း ၄၇၀၀ ကျော် ပါဝင်သည်။ ထို့ပြင် ယင်းကျောက်မျက်ခန်းမသည် ၁၅ ထပ် အမြင့်ရှိပြီး အဆောက်အအုံတွင် ဓာတ်လှေကား ၁၃၁ စင်း ထည့်သွင်းထားသည်။

Surat Diamond Bourse ကျောက်မျက်ခန်းမသည် မမျှော်လင့်ဘဲ ကြီးမားသည့် ရုံးအဆောက်အအုံတစ်ခု ဖြစ်လာခဲ့ကာ ပင်တဂွန်စစ်ဌာနချုပ်၏ စံချိန်ကို ချိုးဖျက်ရန် ရည်ရွယ်ချက်မရှိခဲ့ကြောင်း၊ အိန္ဒိယဗိသုကာလုပ်ငန်း Morphogenesis က အဆိုပါအဆောက်အအုံကို တည်ဆောက်နိုင်ရေးအတွက် ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရကြောင်း၊ ကမ္ဘာ့ဈေးကွက်ထဲမှ စိန်များ၏ ၉၀ ရာခိုင်နှုန်းခန့်ကို ဆူရတ်မြို့တွင် သွေးခြင်းဖြစ်ပြီး စိန်သွေးပညာရှင်များ၊ စိန်ရောင်းဝယ်သူများကို အဆောက်အအုံတစ်ခုတည်း၌ပင် အတူတကွ လုပ်ဆောင်ကြစေရေးကို အဓိက ရည်မှန်းကြောင်းနှင့် ယင်းအဆောက်အအုံသည် နိုင်ငံတကာ စိန်၊ ရတနာရောင်းဝယ်ရေးတွင် အကြီးမားဆုံးနှင့် အချက်အချာအကျဆုံး ကျောက်မျက်ခန်းမကြီး ဖြစ်လာတော့မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံမှ ထိပ်တန်းခေါင်းဆောင်တစ်ဦးက ပြောသည်။

Surat Diamond Bourse ကျောက်မျက်ခန်းမသည် လူပေါင်း ၆၅၀၀၀ ဆံ့ပြီး ကားအစီးရေ ၄၅၀၀ ပါကင်ထိုးနိုင်မည်ဖြစ်ကာ စက်ဘီး၊ ဆိုင်ကယ်အစရှိသည့် နှစ်ဘီးယာဉ် ၁၀၀၀၀ ပါကင်ထိုးနိုင်ကြောင်း သိရသည်။ အဆိုပါ အနေအထားမှာ မျက်မှောက်ခေတ် မြို့ငယ်တချို့ထက်ပင် ပိုမိုများပြားသည့် ပမာဏပင်ဖြစ်သည်။ **Source; The B1M.com**

**စိုင်းဗညား - စုစည်းသည်**



# တရုတ် စီးပွားရေး ကုန်စည်ပြပွဲတွင် ခေတ်မီနည်းပညာ ဆန်းသစ်တီထွင်မှုများကို ပြသနိုင်ခဲ့

တရုတ်နိုင်ငံတွင် နိုဝင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ပြသခဲ့သည့် စီးပွားရေး ကုန်စည်ပြပွဲတွင် ခေတ်မီနည်းပညာ ဆန်းသစ်တီထွင်မှုများကို ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီးပွားရေးကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံ၏ ခေတ်မီနည်းပညာ ဆန်းသစ်တီထွင်မှုများကို ထုတ်ဖော်ပြသခဲ့ပြီး စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းညွှန်ချက်အသစ်များကိုလည်း သရုပ်ပြသနိုင်ခဲ့သည်။ ယင်းပြပွဲကို တရုတ်နိုင်ငံ အရှေ့ပိုင်း Zhejiang ပြည်နယ် Shaoxing တွင် ကျင်းပခဲ့ခြင်းဖြစ်ရာ အဆိုပါပြပွဲတွင် ဒရုန်း ၅၀၀ ကျော်၊ ဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်သည့် လျှပ်စစ်လေယာဉ်ငယ်နှင့် ရဟတ်ယာဉ်များကို ပြသခဲ့ကြောင်း China Daily သတင်းဌာန၏ နိုဝင်ဘာ ၂၈ ရက် ရေးသားဖော်ပြချက်အရ သိရသည်။

ယင်းကုန်စည်ပြပွဲတွင် ပြသထားသော ထုတ်ကုန်သစ်များနှင့် နည်းပညာများထဲတွင် ဆန်းသစ်တီထွင်ထားသည့် ဒရုန်းတစ်စင်းက ပြပွဲလာပရိသတ်များကိုဆွဲဆောင်နိုင်ခဲ့သည်။ အသစ်ပြသခဲ့သည့် ဒရုန်းသည် အချိန်ကြာမြင့်စွာ ပျံဝဲနိုင်မှု၊ အရေးပေါ် ဆက်သွယ်ရေး၊ မီးအလင်းရောင်နှင့် ယာဉ်အသွားအလာဆိုင်ရာ အကူအညီများတွင် အသုံးပြုရန် အလားအလာရှိနေသည်။

တရုတ်နိုင်ငံ၏ ဒရုန်းစီးပွားရေးသည် ပိုမိုကျယ်ပြန့်လာပြီး ယခုနှစ်ကုန်ပိုင်းအထိ ယွမ် ၅၀၀ ဘီလီယံ (ဒေါ်လာ ၆၉ ဒသမ ၅၂ ဘီလီယံ) ကျော်ရှိမည်ဟု ခန့်မှန်းထားပြီး လာမည့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် နှစ်ထရီလီယံအထိ တိုးလာဖွယ်ရှိကြောင်း တရုတ်နိုင်ငံ မြို့ပြလေကြောင်း စီမံခန့်ခွဲရေးမှ သိရသည်။

**Source: China Daily**